ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ တနင်္လာနေ့၊ (22-10-2007) (၅၄၇၈)

ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲအတွက် ဆွမ်းဆန်တော်နှင့်ဆီများ လှူဒါန်းပွဲ
ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်ကြည့်ရှု၍ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၁

မန္တလေးတိုင်း မန္တလေးမြို့ ချမ်းအေးသာစံ မြို့နယ်လုံးဆိုင်ရာ တေဝီသတိမ (၂၃)ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲအတွက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆွမ်းဆန်တော်နှင့် ဆီများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၅ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက်ရှိ သာသနဟိတကာရီ ဓမ္မဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်ကြည့်ရှုပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ စုဒ္ဒသမရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက ဇယမေဒနီ ဝါဆိုကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဋ္ဌိယ၊ မန္တလေးတိုင်း သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ သုဝဏ္ဏသာမဇာတ်တော်ကြီးပြိုင်ပွဲတွင် မန္တလေးတိုင်းကိုယ်စားပြု ဝင်းနောင်နှင့်အဖွဲ့ ကပြဖျော်ဖြေ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

သုဝဏ္ဏသာမ ဇာတ်တော်ကြီး ကပြယှဉ်ပြိုင်
ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်
ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၁

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ သုဝဏ္ဏသာမဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ စတုတ္ထနေ့အဖြစ် မန္တလေးတိုင်းကိုယ်စားပြု ဝင်းနောင်နှင့်အဖွဲ့က ယှဉ်ပြိုင်ကပြဖျော်ဖြေတင်ဆက်ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊

စာမျက်နှာ ၅ ကော်လံ ၅ သို့ ❁

ပြည်ပနိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် လွဲမှားသော တစ်ဖက်သတ်အမြင်များ (ဘာသာပြန်ဆောင်းပါး) စာမျက်နှာ-၇၉

ဂျပန်အပါအဝင် ဥရောပနိုင်ငံများ၏ သတင်း စာနယ်ဇင်းများက မြန်မာအစိုးရအပေါ် စေတနာထားသောသတင်းမျိုး လုံးဝမဖော်ပြပါ။ ဥပမာအားဖြင့် ယခုအချိန် အစိုးရဆန့်ကျင်ရေးဆန္ဒပြမှု လူအရေအတွက်နှင့်ပတ်သက်ပြီး ဂျပန်သတင်းစာအားလုံးက တစ်သိန်းလို့ ဖော်ပြထားပေမယ့် ရုပ်မြင်သံကြားမြင်ကွင်းမှ ဆန်းစစ်ကြည့်သည့်အခါ အရေအတွက်က လုံးဝကွာခြားနေပါတယ်။ တကယ်က နိုင်ငံခြား သတင်းစာနယ်ဇင်းများဟာ မြန်မာအစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုနှင့်ပတ်သက်ပြီး အရေအတွက်ကို ချဲ့ထွင်ပြောတတ်တာ အခုအကြိမ်သာ မကတော့ပါဘူး။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၂-၁၀-၂၀၀၇
(တနင်္လာနေ့)

ဆေးလိပ်သောက်သုံးမှု အန္တရာယ်ကိုသိမြင် ဆေးလိပ်ငွေ့ကင်းစင်သောပတ်ဝန်းကျင်ဖန်တီး

ဆေးလိပ်သောက်ခြင်းသည် ကိုယ်တိုင်သောက်သုံးနေသူများသာမက ဆေးလိပ်သောက်သူများက ဖွာထုတ်လိုက်သော ဆေးလိပ်မီးခိုးငွေ့အား ရှူရှိုက်မိသူများကိုပါ အန္တရာယ်ဖြစ်စေနိုင်သည်။ ဆေးလိပ်သောက်သူများသည် အဆုတ်ကင်ဆာရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် ရုတ်တရက်နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်းစသည့် ရောဂါဝေဒနာများ ဖြစ်ပေါ်စေသည်။

ဆေးလိပ်ငွေ့ရှူရှိုက်နေရသူ ကိုယ်ဝန်ဆောင်မိခင်များသည် ကိုယ်ဝန်ပျက်ခြင်း၊ ကိုယ်အလေးချိန်မပြည့်သော ကလေးများမွေးဖွားခြင်း၊ တစ်နှစ်အောက်ကလေးငယ်များရုတ်တရက်သေဆုံးခြင်းများ ဖြစ်တတ်သည်။

ဆေးလိပ်သောက်သူမိဘတို့၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်နေကြရသူ ရင်သွေးငယ်များသည် ရင်ကျပ်ရောဂါ၊ လေပြွန်ရောင်ရောဂါ၊ အဆုတ်ရောဂါတို့ဖြစ်စေသည်။ ဆေးလိပ်ကြိုက်သော လုပ်ဖော်ကိုင်ဖက်များကြောင့် အနီးပတ်ဝန်းကျင်ရှိသူများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် ဆေးလိပ်သောက်နေသူများကြောင့် မလွှဲမရှောင်သာ ဆေးလိပ်ငွေ့ ရှူနေရသူများသည်လည်း မိမိကိုယ်တိုင် သောက်သူကဲ့သို့ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများရရှိနိုင်သည်။

ယင်းသို့ သူတစ်ပါး၏ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ရောဂါအန္တရာယ်များမှ ကာကွယ်တားဆီးရေးအတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို သတ်မှတ်ထားရှိပြီးဖြစ်သည်။ ယင်းဥပဒေအရ အများပြည်သူနှင့် သက်ဆိုင်သောဆေးရုံ၊ ဆေးခန်း၊ သင်ကြားရေးအဆောက်အအုံများ၊ အားကစားကွင်းများ၊ ခရီးသည်ပို့ဆောင်သောယာဉ်များ၊ ကုန်တိုက်များ၊ ရုပ်ရှင်ရုံများနှင့် အမိုးအကာရှိသောဈေးရုံများသည် ဆေးလိပ်သောက်ခွင့်မရှိသော နေရာများဖြစ်၍ အဆိုပါနေရာများ၌ ဆေးလိပ်မသောက်စေရေးအတွက် သက်ဆိုင်ရာတို့က ကြပ်မတ်တားဆီးသွားကြရမည်ဖြစ်သည်။

စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်လိပ်၊ ဆေးတံသောက်ဆေးစသည့် ဆေးရွက်ကြီးကို အခြေခံ၍ ပြုလုပ်ထားသော ပစ္စည်းမှန်သမျှသည် ကိုယ်တိုင်သောက်သုံးသူရော ဆေးလိပ်ငွေ့ရှူရသူများပါ အန္တရာယ်ရှိသည်။ လူတိုင်းလူတိုင်းက ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲမှုအန္တရာယ်ကို သိမြင်ရှောင်ကြဉ်ကြခြင်းဖြင့် ကျန်းမာသန့်ရှင်းသည့် ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ကို ဖန်တီးဖော်ဆောင်နိုင်ကြမည် ဖြစ်ပါသည်။ ။

နှစ်ဖက်မိဘများကို အမှူးထား၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်း ရွှေဂုဏ်သုတာဝါနေ ဦးခင်မောင်ဝင်း-ဒေါ်စန်းစန်းမြင့် သမီး မဆုရည်ဝင်း၊ သား မောင်မြင့်မြတ် မိသားစုက ဒဂုံမြို့နယ် မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၂၅၀၀၀၀ ကို ပိဋကဆရာတော် ဘဒ္ဒန္တအဂ္ဂသာရထံမှ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူ ရှမ်းပြည်နယ်(တောင်ပိုင်း)မိုင်းရှူးမြို့နယ်၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသောကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)မိုင်းရှူးမြို့နယ်မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၁၇ ရက်တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ၎င်းတို့အားဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ မိုင်းရှူးမြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀အုပ်စုတို့မှ ပြည်သူအင်အား ၁၃၀၀၀ ခန့်တို့သည် အောက်တိုဘာ ၁၇ ရက် နံနက် ၇ နာရီတွင် မိုင်းရှူးမြို့ စဝ်စံထွန်းလမ်းမှ တစ်ဆင့် ဦးအောင်မြတ်လမ်းအတိုင်း နဝဒေးလမ်းသို့ ချီတက်၍ ဗိုလ်ချုပ်လမ်းအတိုင်း မြို့မအားကစားကွင်းအတွင်းသို့လှည့်လည်ပြီး ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်ရမည်ဟူသော ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကိုလိုလားသည်၊ ဆူပူအကြမ်းဖက်မှုကိုမလိုလား၊ သူ့ကျွန်မခံပါ၊ ပြည်တွင်းပြည်ပအဖျက်သမားရန် ဒို့တွန်းလှန်စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး မိုင်းရှူးမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

ဆွမ်းသိမ်းအောင်ပွဲအလှူမင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ညောင်ပင်လေးပလာဇာ မိသားစု၏ တတိယအကြိမ်မြောက် ဝါတွင်းဆွမ်းလောင်းပွဲတော်ကြီး အောင်မြင်ခြင်းအတွက် ဆွမ်းသိမ်းအောင်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၉နာရီတွင် အဆိုပါဈေးညောင်ပင်လေးပလာဇာ Private Market မှ ဈေးသူ ဈေးသားများ(အေ)ဆောင် (ဘီ) ဆောင် (စီ)ဆောင်များမှ မိသားစုများနှင့်ဈေးသူ ဈေးသားများက စုပေါင်း၍ ပန်းဘဲတန်းမြို့နယ် သိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့နယ် ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံစာသင်တိုက်နှင့် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်တို့မှ သံဃာတော် အပါး၂၀၀ တို့အား သက်န်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် လောင်းလှူကြပြီး သံဃာတော်အပါး၁၀၀ တို့အား ညောင်ပင်လေးပလာဇာ (စီ)ဆောင် ဒုတိယထပ်၌ နေ့ဆွမ်းဆက်ကပ်ကြသည်။

ထို့နောက် ပန်းဘဲတန်းမြို့နယ် သိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်း ဘဒ္ဒန္တကုမာရထံမှ ပရိသတ်တို့ကရေစက်ချ အနုမောဒနာတရားနာယူကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ် ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းဈေးလမ်း ဘကြီးဦးစိန်ဘန်း၊ ကြီးတော် ဒေါ်ဖွားမြိုင်၊ အဖေ ဦးမောင်မောင်၊ အမေ ဒေါ်ငွေသိုက်(ဖျာပုံ)တို့အား ရည်စူး၍ ဒေါ်နီနီမာနှင့် မောင်နှမတစ်စုက အလှူငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်းစမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ကုသလ (M.A) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း ၃၇ ရပ်ကွက် သံပုရာကန်လမ်းနေ ကွယ်လွန်သူ ဦးမြင့်မောင်အားရည်စူး၍ ဇနီး ဒေါ်လှသန်း (ဒုရဲမှူး၊ ယာဉ်ထိန်း)မိသားစုက ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲ တက်ရောက်ကြည်ညို

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် သုံးတိုက်နှင့် ပန်းဘဲတန်းမြို့နယ်ရှိ သနန္တနဓမ္မပါလက ဟိန္ဒူအဖွဲ့ချုပ်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေးအနီးရှိ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ဘုန်းတော်ကြီးစာသင်တိုက်များမှ ပဓာနနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးနှင့်ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီး သုံးဦးတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာ့ရေထွက်ပစ္စည်း ရောင်းဝယ်ရေးနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ရန်ကုန် အနောက်ပိုင်းခရိုင်နှင့် ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်၊ အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်၊ စန္ဒီပရဆေးမိသားစု၊ မုန်ချိုတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ ကျော်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ ထွန်းရွှေဝါတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ နဝင်းဆေးတိုက်၊ အိုကေ ပဲမျိုးစုံရောင်းဝယ်ရေး၊ ပန်းဘဲတန်းမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး၊ လသာမြို့နယ်မှ ဘာသာရေးအသင်းအဖွဲ့များ၊ ပန်းဘဲတန်းမြို့နယ် ပညာရေးမှူးရုံး၊ ပန်းဘဲတန်းမြို့နယ် ဆန်လုပ်ငန်းရှင်များအသင်း၊ ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဆိပ်ကမ်းမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပန်းဘဲတန်းမြို့နယ် ဆီကုန်သည်များအသင်း၊ Shri Dinesh Patodia Jee & Family , Rose Industry Limited, Amamda Oversea Co.,Ltd.၊ Assr Int, Pte , Maha Theingi Star Co., Ltd.၊ Santi Sager Co., Ltd.၊ Shri Jitender Gupta Mayar (H.K)Ltd. ၊ အသောက ပဲခွဲစက်၊ Golden Fish Dall Mill၊ New Blaze Co., Shri Shiv Kumar Ji နှင့် Srimati & Shri S.C Guha တို့ အပါအဝင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆွမ်းပဒေသာပင်အတွက် အလှူရှင်များဖြစ်ကြသော တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေကောင်စီတို့က ငွေကျပ် ၄၀၀၀၀စီ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် နှစ်သိန်း၊ ကျောက်တံတားမြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ပန်းဘဲတန်းမြို့နယ်ရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ် တစ်သိန်းစီ၊ လသာမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၅၀၀၀၀စီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ငွေကျပ်ငါးသိန်း၊ သီရိသုဓမ္မမဏိဇောတဓရ ဦးထွန်းလင်း- သီရိသုဓမ္မသီရိ ဒေါ်ရင်ရင်စိုး (PMG Co., Ltd.) က ငွေကျပ် လေးသိန်း၊(ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး မိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဟိန္ဒူဘာသာဝင် မိသားစုများက ငွေကျပ် သုံးသိန်း၊ ဦးဇော်ဝင်းနှင့် Super Coffeemix မိသားစုက ငွေကျပ် ၂၂၅၀၀၀၊ သမားတော်ကြီး ဦးလှဋ္ဌေး-သီရိသုဓမ္မသီရိ ဒေါ်တင်နွယ်ဦး (မုန်ချိုတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)က ငွေကျပ်၂၁၀၀၀၀၊ ဦးရဲအောင်-ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ် ကြက်ဆူစိုက်ပျိုးထုတ်လုပ်ရေး) က ငွေကျပ် ၂၀၆၀၀၀၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်း(မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)၊ ဦးအောင်သန်းဦး (မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း)၊ ဦးကျော်ဦး-ဒေါ်သန်းသန်းစိန်၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့်)၊ ဒေါက်တာမောင်မောင်ဦး (Asia Express Co.,Ltd.)၊ ဦးသိုင်းဝင်း-ဒေါ်ဋ္ဌေးဋ္ဌေးညွန့်(BTBကုမ္ပဏီ)နှင့် ဦးတင်မြင့် (Asia King Co., Ltd.) တို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာကုမ္ပဏီ)နှင့် KB International Co.,Ltd. တို့က ငွေကျပ် ၁၅၀၀၀၀စီ၊ ဦးကြည်မင်း-ဒေါ်ခင်အေးသန်း(Arnanda Inn)က ငွေကျပ် ၁၂၅၀၀၀၊ Shir Raj Khetan (Khetan Co., Ltd.)က ငွေကျပ် ၁၁၁၀၀၀၊ ဦးအောင်ဇော်မြင့်-သီရိသုဓမ္မသီရိ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် Shri Beduji(MLA International School)တို့က ငွေကျပ် ၁၁၀၀၀၀စီ၊ ဦးမျိုးညွန့်-ဒေါ်တင်တင်မြင့်(မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေထီဆိုင်)က ငွေကျပ် ၁၀၈၀၀၀၊ Myanmar Swiss Singapore Co., Ltd. က ငွေကျပ် ၁၀၁၀၀၀၊ ဦးသန်းနိုင် - ဒေါ်ကြည်ကြည်ဆွေ (သမ္မတသင်္ကန်းတိုက်)၊ ဦးအောင်မွန်-ဒေါ်လှလှမော် (မြင့်မြတ် ဆန်စပါးစိုက်ပျိုးရေး)၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)၊ဒေါ်လှလှ(လမ်းမတော်)၊ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း၊ ဦးကျော်မြင့်(ဇော် ဆန်စက်ပစ္စည်းရောင်းဝယ်ရေး)၊ သီရိသုဓမ္မသီရိ ဒေါ်ကျင်သိန်း၊ သီဟသုဓမ္မသီရိ ဒေါ်မြသိန်း(သား)ဦးရန်ရှင်း(United Winner International Co., Ltd.)၊ ဒေါက်တာသန်းစိုး (သစ္စာရွှေဆိုင်)-ဒေါ်ယဉ်ထား (ရွှေကျီးမင်းရွှေဆိုင်)၊ လသာမြို့နယ် ဆီကုန်သည်များ၊ ကဏန်းလုပ်ငန်း စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ကမ်းထိုးရေယာဉ်အသင်း၊ ပန်းဘဲတန်းမြို့နယ် ဌာနဆိုင်ရာများ၊ သိမ်ကြီးဈေး(အေ+ဘီရုံ) မိသားစု၊ Shri Shri Kali Temple Trust (Konzeydan) နှင့် Shri V.Segar(Asia Forever Co.,Ltd.) တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၈၂၇၁၆၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် သုံးတိုက်နှင့် ပန်းဘဲတန်းမြို့နယ်ရှိ သနန္တနဓမ္မပါလက ဟိန္ဒူအဖွဲ့ချုပ်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကျော်က ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပန်းဘဲတန်းမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သနန္တနဓမ္မပါလက ဟိန္ဒူအဖွဲ့ချုပ်တို့သို့ ယနေ့လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် အိတ် ၁၁၀၊ ၂၁ပြည်၊ဆီ၃၅၃ပိဿာနှင့်၁၀ကျပ်သား၊ အိုင်အိုဒင်းဆား ၃၀၃ပိဿာ၊ သွားတိုက်ဆား ၆၁ဘူး၊ ဆေးမျိုးစုံ ဘူး ၁၄၄၀၊ ပဲပိဿာ ၂၅၀ နှင့် ၆၀ ကျပ်သား၊ ငရုတ်သီးမှုန့် ၄၅၀ ထုပ်နှင့် ဆွမ်းပဒေသာပင်အလှူငွေကျပ် ၈၂၇၁၆၀၀ တို့ဖြစ်သည်။

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ခြောက်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ညနေ ၃နာရီတွင် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ကြည်ညိုပြီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များမှ ပဓာနနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရထံမှ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော် ဆီနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးသုံးဦးတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာ့ရေထွက်ပစ္စည်းရောင်းဝယ်ရေးနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်၊ သွင်းကုန်ကုမ္ပဏီလီမိတက်၊ အိုကေ ပဲမျိုးစုံရောင်းဝယ်ရေး၊ စန္ဒီပရဆေး၊ ဖြိုးကြီးကိတ်မုန့်တိုက်၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်း၊ မဥ္ဇူထွန်းမြင့် ကုမ္ပဏီလီမိတက် (ဘုတ်ဆုံမ ငရုတ်သီးမှုန့်ရောင်းဝယ်ရေး)၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ထွန်းရွှေဝါဆေးတိုက်၊ ဖြူစင်မေတ္တာဆေးတိုက်နှင့် ကေသီပန်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၆၀၀၀၀ စီ၊ ဧရာဝတီတိုင်း မော်ကျွန်းမြို့နေ သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်လှ-ဒေါ်ရွှေစိန်က ငွေကျပ်သိန်း ၂၀၊ ဗိုလ်တထောင်မြို့နယ် (၄၃) လမ်း (အောက်လမ်း) ဆွမ်းလောင်းအသင်းက ငွေကျပ် ၁၉၆၀၀၀၀၊ ဗိုလ်တထောင်မြို့နယ် (၄၆) လမ်း ဆွမ်းလောင်းအသင်းက ငွေကျပ် ၁၀၈၀၀၀၀၊ ဗိုလ်တထောင်မြို့နယ် ပညာရေးမိသားစုက ငွေကျပ် ၈၇၂၁၄၀၊ ဦးခင်ဇော်-ဒေါ်ခင်ဆွေဦး (ကျားကိုးကောင်မော်တော်ယာဉ် ထုတ်လုပ်ရေး)က ငွေကျပ် ၆၀၀၀၀၀၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် စေတနာရှင်အလှူရှင်များက ငွေကျပ် ၅၇၀၀၀၀၊ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်းမှ ဦးကျော်စိုး-ဒေါက်တာဒေါ်ဝါဝါသန်းရီ၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာဆွမ်းလောင်းအသင်း၊ ဗိုလ်တထောင်ဘုရားလမ်းနေ ဦးကြည်နှင့် ဦးညွန့်မောင်၊ ပုဇွန်တောင်မြို့နယ် (၅၁)လမ်းနေ ဦးသန်းနိုင်နှင့် ဦးဘိုဘို၊ ပုဇွန်တောင်မြို့နယ် (၄၉)လမ်းနေ ဦးသိန်းနှင့် ဦးအုန်းမြင့်ဦး၊ ပုဇွန်တောင်မြို့နယ် (၅၃)လမ်းနေ ဦးစိုးဝင်းနှင့် ဦးစိန်မင်း၊ ပုဇွန်တောင်မြို့နယ် (၅၅)လမ်းနေ ဦးမောင်မြနှင့် ဦးသောင်းရွှေ၊ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင် ဈေးလမ်းနေ ဦးခင်စိုးနှင့် ဦးမြင့်စိုး၊ ပုဇွန်တောင်မြို့နယ် (၅၇) လမ်းနေ ဦးခင်လှအောင်နှင့် ဦးလှဖေ၊ ပုဇွန်တောင်မြို့နယ် သာယာကုန်းလမ်းနေ ဦးစိန်ထွန်းနှင့် ဦးမြသန်း၊ ပုဇွန်တောင်မြို့နယ် အောက်ပုဇွန်တောင်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ☆

တရုတ်နိုင်ငံတွင် ကျင်းပသည့် ကုန်စည်ပြပွဲ ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံများမှ ကုမ္ပဏီများ ပါဝင်ပြသ

ကွမ်ကျိုး အောက်တိုဘာ ၂၀

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်၏ မြို့တော် ကွမ်ကျိုးမြို့၌ ကျင်းပနေသည့် တရုတ်သွင်းကုန်ထုတ်ကုန် ကုန်စည်ပြပွဲတွင် ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးမှုနည်းပါးသောနိုင်ငံကိုးနိုင်ငံမှ ကုန်ပစ္စည်း တင်ပို့သည့် ကုမ္ပဏီများ ပါဝင်ပြသခဲ့ကြသည်။

နေရာချပေး

အဆိုပါကုန်စည်ပြပွဲ၌ ကုန်စည်ပြသရာတွင် ပါဝင်သည့်ကိုးနိုင်ငံမှ ထုတ်ကုန်တင်ပို့မှုများအတွက် စတုရန်းမီတာ ၃၀၀ ခန့် အကျယ်အဝန်းရှိသော နေရာတွင် အခွန်အခမယူဘဲ နေရာချပေးခဲ့သည်ဟု ပြပွဲ၏ပြောရေးဆိုခွင့်ရှိသူ ကျူပင်းက ပြောကြားသည်။

အထောက်အကူဖြစ်

ယင်းပြပွဲပြုလုပ်သည့် ရည်ရွယ်ချက်မှာ ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံများမှ ကုန်ပစ္စည်းတင်ပို့သူများကို တရုတ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ အခွင့်အလမ်းများ ရရှိနိုင်စေရန်အတွက် အထောက်အကူဖြစ်စေရန်ဖြစ်သည်။

ပြသထား

ကုမ္ပဏီ ၁၉ ခုက ပစ္စည်းကိရိယာ၊ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် အဖျော်ယမကာထုတ်ကုန်များကို အထူးပြသထားကြပြီး ယင်းကုမ္ပဏီများမှာ လာအို၊ ဆူဒန်၊ ရဝမ်ဒါ၊ မဒါဂါးစကား၊ နီပေါ၊ ချဒ်၊ ကမ္ဘောဒီးယား၊ ဟေတီနှင့် ယူဂန္ဓာနိုင်ငံတို့မှ ဖြစ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကာတာနိုင်ငံရှိ အမေရိကန်စစ်စခန်း၌ ဒုံးကျည်များယွင်းပစ်ခတ်မှု ဖြစ်ပွား

ဒူဘိုင်း အောက်တိုဘာ ၂၀

ကာတာနိုင်ငံတွင် စခန်းချထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များအသုံးပြုသည့် စစ်အခြေစိုက်စခန်းမှ မှားယွင်းပစ်ခတ်သော ပက်ထရီယော့ဒုံးကျည်သည် လယ်ကွင်းတစ်ခုသို့ ကျရောက်ခဲ့ကြောင်း အယ်လ်ဂျာဇီယာ ရုပ်မြင်သံကြားက အင်္ဂါနေ့တွင် ဖော်ပြသည်။

မှားယွင်းပစ်

အဆေလီယာ စစ်အခြေစိုက်စခန်းမှ မှားယွင်းပစ်မိသည့် ဒုံးကျည်ကြောင့် ထိခိုက်သေဆုံးမှု မရှိကြောင်း ရုပ်မြင်သံကြားက ဖော်ပြသည်။ ပက်ထရီယော့ဒုံးကျည်စနစ်သည် တိုက်ခိုက်ရေးဒုံးစနစ်မဟုတ်ဘဲ ဒုံးခွင်းဒုံးစနစ်ဖြစ်သည်။

ယင်းဖြစ်ရပ်အပေါ် အဆေလီယာစခန်းမှ တာဝန်ရှိပုဂ္ဂိုလ်များက တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်း မရှိပေ။

အမေရိကန်က အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ်က ကျူးကျော်တိုက်ခိုက်စဉ်က ယင်း၏အပေါင်းပါတပ်ဖွဲ့များသည် ကာတာနိုင်ငံတွင် စစ်စခန်းဖွင့်လှစ်ကာ ကျူးကျော်စစ်ဆင်နွှဲခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ သစ်ထုတ်လုပ်ရေး လုပ်ငန်းခွင် တစ်နေရာကို အောက်တိုဘာ ၁၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

BBC ဝန်ထမ်းဦးရေ လျှော့ချမှုကြောင့် ဆန္ဒပြမှုများဖြစ်ပွားနိုင်ဟု အလုပ်သမားသမဂ္ဂ ပြောကြား

လန်ဒန် အောက်တိုဘာ ၂၀

ဗြိတိသျှ အသံလွှင့်ကော်ပိုရေးရှင်း (BBC) အနေဖြင့် ခရစ္စမတ်ကာလ၌ ဆန္ဒပြမှုများဖြင့် ကြုံတွေ့နိုင်ကြောင်း အလုပ်သမားသမဂ္ဂက ဗုဒ္ဓဟူးနေ့တွင် ပြောကြားပြီး ယင်းသို့ ဖြစ်ရခြင်းသည် ဝန်ထမ်းအင်အား ထောင်ချီ၍ လျှော့ချခဲ့မှုကို မကျေနပ်သောကြောင့် ဖြစ်ကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

ဆွေးနွေးမည်

BBCညွှန်ကြားရေးမှူးချုပ် မတ်သွမ်မဆန်သည် လုပ်ငန်းလျှော့ချရေးနှင့် ပတ်သက်ပြီး အပြီးသတ် BBC ကြီးကြပ်ရေးသမာဓိအဖွဲ့နှင့် ဗုဒ္ဓဟူးနေ့တွင်တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

သတင်းထုတ်လွှင့်ရေးဌာနမှဝန်ထမ်း ၅၀၀ တို့၏ နေရာလည်း ပျောက်ကွယ်သွားနိုင်သည်ဟုဆိုသည်။

ထိခိုက်နိုင်

BBCအနေဖြင့် အရေအတွက်ထက် အရည်အသွေးကို အဓိကထားလုပ်ကိုင်မည်ဟု သွမ်မဆန်က ပြောသည်။ သို့ရာတွင် ဝန်ထမ်းအများစု အလုပ်ထိခိုက်နိုင်သည်ဟု စိုးရိမ်မကင်းဖြစ်နေကြသည်။

အမ်အင်အေ၊ရိုက်တာ။

ဥရောပနှင့် အမေရိကန်တို့၌ လူ့အခွင့်အရေးချိုးဖောက်မှု လေ့လာစောင့်ကြည့်ရေးအဖွဲ့ ရုရှားထူထောင်မည်

မော်စကို အောက်တိုဘာ ၂၁

ဥရောပနှင့် အမေရိကန်နိုင်ငံတို့တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို လေ့လာစောင့်ကြည့်မည့် အဖွဲ့အစည်းတစ်ရပ် ထူထောင်ရန် ရုရှားနိုင်ငံက စီစဉ်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

အဆိုပါအဖွဲ့အစည်း၏ ဌာနချုပ်ရုံးကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့ သို့မဟုတ် ဂျာမနီနိုင်ငံတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ရုရှားသမ္မတက ခန့်အပ်သည့် လူ့အခွင့်အရေးကောင်စီမှ အဖွဲ့ဝင်တစ်ဦးနှင့် ရှေ့နေတစ်ဦးဖြစ်သူ အင်နာတိုလီကူချာရီနာက ပြောကြားသည်။

ရုရှားနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသည်ဟု မကြာသေးမီနှစ်များက စွပ်စွဲချက်များ ပေါ်ထွက်ခဲ့ကြောင်း၊ အမှန်တကယ်အားဖြင့် အခြားဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့တွင်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



စင်ကာပူနိုင်ငံရှိ မျက်မမြင်ကျောင်းတွင် မျက်မမြင်များအတွက် အထူးတီထွင်ထားသော ကီးဘုတ်တစ်မျိုးကို အောက်တိုဘာ ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လော့စ်အိန်ဂျလိစ် စီရင်စု၌ တောမီးလောင်ကျွမ်း

လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၂၁

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ် စီရင်စုတွင် တောမီးလောင်ကျွမ်းလျက်ရှိရာ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလိုက်ရကြောင်း ယနေ့ မီဒီယာသတင်းများတွင် ဖော်ပြသည်။

ကယ်လီဖိုးနီးယားပြည်နယ်အနောက်တောင်ပိုင်း ပစိဖိတ်ကမ်းရိုးတန်း မာလီဘူဒေသတွင်တောမီးလောင်ကျွမ်းချိန်၌ လေပြင်းတိုက်ခတ်လျက်ရှိသဖြင့် လျင်မြန်စွာ မီးကူးစက်ပျံ့နှံ့နိုင်ကြောင်း၊ နေအိမ် ၂၀၀ခန့် မီးဝါးမြိုခံရမည့် ဘေးအန္တရာယ်ရှိကြောင်း မီးသတ်ဌာနက ပြောကြားသည်။

လော့စ်အိန်ဂျလိစ် စီရင်စုသစ်တောဒေသရှိ နေအိမ်အချို့ မီးလောင်ခံရပြီး လူနေသိပ်သည်းသည့် ယင်းဒေသ၌ မီးခိုးလုံးကြီးများ လိမ့်တက်လျက်ရှိပုံကို ရုပ်မြင်သံကြားသတင်းတွင် ထုတ်လွှင့်ပြသသည်။ ***စီအင်န်အင်န်။***

တရုတ်နိုင်ငံတွင် တည်ဆောက်ထားသည့် မြစ်ကျဉ်းသုံးသွယ်ရေကာတာစီမံကိန်းမှ ရေများ ထုတ်လွှတ်နေသည်ကို အောက်တိုဘာ ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ လေကြောင်းမှ တိုက်ခိုက် ဘဂ္ဂဒက်တွင် ၃၉ ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ၃၉ဦးထက်မနည်း သေဆုံးကြောင်း ယနေ့ မီဒီယာသတင်းများ၌ ဖော်ပြသည်။

အမျိုးသမီးနှင့် ကလေးများ ပါဝင်

ဘဂ္ဂဒက်မြို့ရှိ ဆာဒါစီတီးရပ်ကွက်တွင် နေအိမ်များအား ရှာဖွေနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို သေနတ်ဖြင့် ပစ်ခတ်မှု ပေါ်ပေါက်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများတွင် အမျိုးသမီးများနှင့် ကလေးများ ပါဝင်ကြောင်း အီရတ်တာဝန်ရှိသူများက ပြောကြားသည်။

ဘီဘီစီသတင်း။

လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လုံးဆိုင်ရာ တေဝိသတိမ (၂၃) ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲအတွက် ဆွမ်းဆန်တော်နှင့် ဆီများ ဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်သြဝါဒါစရိယ စုဒ္ဒသမ ရွှေကျင်သာသနာတော်ပိုင် ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

✻ ရွှေကျင်နိကာယမှ

ဒပဟတ္တောကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသုဇာတသာရ၊ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ၊ မန္တလေးတိုင်း သံဃနာယကအဖွဲ့(ရွှေကျင်) အကျိုးတော်ဆောင် ပတ္တမြားကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဇောတာဘိဝံသနှင့် ချမ်းအေးသာစံမြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏိတတို့ အမှူးပြုတော်မူသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ မန္တလေးမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် စုဒ္ဒသမ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး အမှူးပြုတော်မူသော ဆရာတော်ကြီးများနှင့် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရားနာကြားခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ စုဒ္ဒသမ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက၊ ဇယမေဒနီ ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယထံမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အမှူးပြုသော ပရိသတ်တို့က သီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်သြဝါဒါစရိယ စုဒ္ဒသမရွှေကျင်သာသနာပိုင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီးတို့က မဟာဝိဇိတာရုံ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီးတို့က မန္တလေးတိုင်း သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌ ဒပဟတ္တောကျောင်းတိုက် ပဓာနနာယက ဆရာတော်အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အနုမောဒနာတရားဟောကြား

ထို့နောက် မန္တလေးတိုင်း သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသုဇာတသာရ က အနုမောဒနာတရား ဟောကြားတော်မူသည်။

ယင်းနောက် မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသက ရေစက်ချတရား ဟောကြားတော်မူပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အမှူးပြုသော ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသော အခမ်းအနားတွင် မန္တလေးတိုင်း မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်လုံးဆိုင်ရာ တေဝိသတိမ (၂၃)ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲအတွက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆွမ်းဆန်တော် အိတ် ၁၀၀ နှင့် ဆီပိဿာ ၅၀ တို့ကို လှူဒါန်းကြောင်း သိရှိရသည်။ (သတင်းစဉ်)

❁ သုဝဏ္ဏသာမဇာတ်တော်ကြီးမှ

ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဇနီး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ အရာထမ်းအမှုထမ်းများ၊ ပြည်နယ်တိုင်းများမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ရင်း တပ်ဖွဲ့များမှ မိသားစုဝင်များ၊ နေပြည်တော်ပျဉ်းမနား ခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာကို မြတ်နိုးလေးစားကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မန္တလေးတိုင်းကိုယ်စားပြု ဝင်းနောင်နှင့်အဖွဲ့က သုဝဏ္ဏသာမ ဇာတ်တော်ကြီးကို ယှဉ်ပြိုင်ကပြ ဖျော်ဖြေတင်ဆက်ရာတွင် ဇာတ်ညွှန်း ဦးသန်းအောင်(ပန်တျာ-မန်း)၊ ဒါရိုက်တာ ဦးထက်လှိုင် (ပန်တျာ-မန်း)၊ သုဝဏ္ဏသာမ အလောင်းတော်အဖြစ် ဝီရိယမင်းသားလေး ဝင်းနောင်၊ ပီဠိယက္ခ မင်းအဖြစ် ငါးမည်ရ ဦးတင်သိန်း၊ ဒုကူလအဖြစ် ရတနာဦးတင်လင်း၊ ပါရိကာအဖြစ် ဒေါ်နွဲ့နွဲ့ဝင်း၊ သိကြားမင်းအဖြစ် ဦးမြတ်စိုး၊ ဗဟုသုန္ဒြီနတ်သမီးအဖြစ် စုနန္ဒာကျော်၊ သုဝဏ္ဏသာမငယ်စဉ်ဘဝအဖြစ် ဖြိုးသီဟကျော်(ခေါ်)ဖြိုးဖြိုးနှင့် ဇာတ်ပို့ဇာတ်ရံများ ပါဝင်သရုပ်ဆောင်ကြကာ ဂီတမှူးစိန်မြပို၊ ဝိုင်းတော်တီးရှာစား ဦးမြကို ဆိုင်းဝိုင်းနှင့် တွဲဖက်လျက် ဘုရားရှိခိုးခန်း၊ အပျိုတော်ခန်း၊ ဝိသုကြုံကျောင်းသခ်မ်းဆောက်ခန်း၊ နှစ်ပါးသွား၊ ဒုကူလ+ပါရိကာတို့ ကျောင်းသခ်မ်းရောက်ခန်း၊ သုဝဏ္ဏသာမ မွေးဖွားခဲ့ပုံရှင်းခန်း၊ သုဝဏ္ဏသာမအား ကိန္နရီတို့ပြုစုခန်း၊ သုဝဏ္ဏသာမအား ကျောင်းသခ်မ်းတွင်ထား၍ မိဘနှစ်ပါး သစ်သီးရှာထွက်ခန်း၊ ဒုကူလ+ပါရိကာတို့အား မြွေမှုတ်၍ စက္ခုကွယ်ခန်း၊ သုဝဏ္ဏသာမ ကျောင်းသခ်မ်းမှ မိဘနှစ်ပါးထံ လိုက်ခန်း၊ တောတွင်း၌ မိဘများနှင့် တွေ့၍ ကျောင်းသခ်မ်းသို့ ပြန်ခေါ်ခန်း၊ ဗာရာဏသီပြည် ဝန်နှစ်ပါး ပြည်တည်ခန်း၊ ပီဠိယက္ခနန်း ညီလာခန်း၊ ကျောင်းသခ်မ်းမှ သုဝဏ္ဏသာမရေခပ်ဆင်းခန်း၊ ပီဠိယက္ခသမင်လိုက်ခန်း၊ သုဝဏ္ဏသာမ မြားခခန်း၊ ပီဠိယက္ခကျောင်းဝင်ခန်း၊ မိဘနှစ်ပါး သုဝဏ္ဏသာမထံ လိုက်ခန်းနှင့် သစ္စာပြုခန်းတို့ဖြင့် ပြကွင်းပြကွက် စုံလင်စွာ မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်ကပြ ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

အခိုကောင်းသူများ

✻ ဒုကူလာ၊ ပါရိက
ဆိုင်ပြ ဇာတ်ပွဲမှာ
"သုဝဏ္ဏ ရွှေသာမ"က
ကပြယဉ်သာ။

✻ ဇာတ်ပွဲကြီး စင်တော်မဟာ
သုဝဏ္ဏာ အားကုန်ခဲ
ငိုပွဲ သည်လိုဆင်တော့
ဖိုသဲ(သည်း)ရွှေဘဝင်က
ကြီးတော်ခင်၊ မညိုမြတို့ရယ်ကွယ်
နှပ်က စို့ရွှဲ။

ရန်နိုင်ဦး

သရက်ချောင်းမြို့နယ်မှ အရှင်ဓမ္မသိဒ္ဓိ၏ ဂုဏပူဇာမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ် ညောင်ဇင် စံပြကျေးရွာရှိ ညောင်ဇင်ကျောင်းသစ်၌ သာသနဓဇ ဓမ္မာစရိယ+ဒွိပိဋကဓရ ပိဋကတ်နှစ်ပုံဆောင် အရှင်ဓမ္မသိဒ္ဓိ၏ ဂုဏပူဇာ မင်္ဂလာ အခမ်းအနားကို အောက်တိုဘာ ၁၆ ရက်တွင် ကျင်းပရာ ရှေးဦးစွာ စော်ဝသစ်ဆိမ့်ပင်ကျောင်း ဆရာတော်ထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြ၍ ခရိုင်သာသနာရေးဦးစီးဌာနမှူးက အရှင်ဓမ္မသိဒ္ဓိ၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်သည်။

ထို့နောက် အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ဝင်းနှင့်ဇနီး ဒေါ်စန်းယုတို့က အရှင်ဓမ္မသိဒ္ဓိအား ဘွဲ့လက်မှတ်၊ အောင်လံတော်နှင့် လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။ **(ဝဲပုံ)**

ရေစက်သွန်း

ယင်းနောက် စော်ဝသစ်ဆိမ့်ပင်ကျောင်း ဆရာတော်က အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ဦးခင်မောင်ဌေး ညွှန်ကြားရေးမှူးချုပ် (မြန်မာ့ရုပ်မြင်သံကြား)-ဒေါ်နွဲ့နွဲ့ မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းနှင့် ဦးအေးကိုတို့ လက်ခံရယူစဉ်။ (ကြေးမုံ)

ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက် မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာ သုံးထပ်မဂ္ဂင်ကျောင်း ပါကေး ပေါ်လစ်တင်ရန်အတွက် အလှူငွေကျပ် တစ်သိန်းကို ပုဇွန်တောင်မြို့နယ် (၅)ရပ်ကွက်၊ အနော်ရထာလမ်းနေ ဦးကျော်စိုး-ဒေါ်နီနီကျော်၊ သား မောင်ဝင်းမြတ်သော်၊ သမီး ချိုမီမီကျော် မွေးနေ့အလှူ မိသားစုက မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာ နာယက ဆရာတော် ဘဒ္ဒန္တပညာစက္က ရှေ့မှောက်၌ အကျိုးတော်ဆောင် ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေထိန်းသိမ်းစို့

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲ အစီအစဉ်များ သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

စွမ်းအားကောင်း အစဉ်အလာကောင်းများနှင့်တကွ အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီး၏ ကောင်းမြတ်သော ဂုဏ်ရည်များကို ရိုးရာအစဉ်အလာမပျက် ဆင့်ပွားတိုးတက်စေပြီး အနာဂတ်ကာလတိုင် လက်ဆင့်ကမ်းလွှဲပြောင်းသွားနိုင်စေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကတစ်ဆင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်နှင့်အညီ နေပြည်တော်တွင် ဒုတိယအကြိမ်အဖြစ် ကျင်းပလျက်ရှိသည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စတုတ္ထနေ့ပြိုင်ပွဲအစီအစဉ်များကို အောက်တိုဘာ ၂၀ရက်တွင် နေပြည်တော် ရေဆင်းရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပသည်။

အက ယှဉ်ပြိုင်မှု ကြည့်ရှုအားပေး

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် တင်ထွတ်တို့ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) အက ပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မနန်း ဝါဝါဝင်း ယှဉ်ပြိုင်မှုကို ကြည့်ရှု အားပေးစဉ်။

(သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပရာသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ဇနီး ဒေါ်စန်းစန်းရီ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် တင်ထွတ်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးအောင်မြင့်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ တာဝန်ရှိသူများ၊ နေပြည်တော်တွင် လေ့လာရေးရောက်ရှိနေသော ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တိုင်းရင်းသား၊ တိုင်းရင်းသူလေ့လာရေးအဖွဲ့ဝင်များ၊ နေပြည်တော် ပျဉ်းမနား မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟာဂီတ အဆိုပြိုင်ပွဲကို နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေး တက္ကသိုလ် (စုဝေးခန်းမ) ၌ နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ) (အငြိမ်းစား) ဂီတပညာရှင် ဒေါ်တင်တင်မြနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ မဟာဂီတအကဲဖြတ်ပညာရှင်များ အဖွဲ့ခေါင်းဆောင် ဂီတပညာရှင် ဒေါ်သင်းသင်းမြတ်နှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသမီး)မဟာဂီတ အဆိုပြိုင်ပွဲကို ကျင်းပရာ **"မှိုင်းပြာမှုန်ဝေ"** (ပတ်ပျိုး) သီချင်းဖြင့် ပဲခူးတိုင်းမှ ဒေါ်ဥမ္မာ၊ မန္တလေးတိုင်းမှ မြန်မာမလေးသပြေ၊ ရခိုင်ပြည်နယ်မှ ဒေါ်အေးနှင်းခိုင်၊ ရန်ကုန်တိုင်းမှ ဒေါ်သူဇာအောင်၊ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်နှင့် ရန်ကုန်တိုင်းမှ ဒေါ်သန်းသန်းငြိမ်းတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"သည်ဆောင်းဟေမာန်"** (ဘွဲ့) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မောင်နိုင်နိုင်၊ မန္တလေးတိုင်းမှ မောင်ထူးပြည့်စုံ၊ ရှမ်းပြည်နယ်မှ မောင်အောင်ခန့်ဖြိုး၊ ရန်ကုန်တိုင်းမှ မောင်ဝဏ္ဏထွန်း၊ ရခိုင်ပြည်နယ်မှ မောင်မျိုးမြတ်ဟိန်း၊ မန္တလေးတိုင်းမှ မောင်ဟိန်းထက်ဦး၊ စစ်ကိုင်းတိုင်းမှ မောင်မိုးထက်နိုင်နှင့် ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော် ရေဆင်း တက္ကသိုလ်နယ်မြေ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ ဆက်လက်ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ သဘင်ပညာရှင် ဦးစိန်မာဒင်နှင့် အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) အကပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မတင်နီလာထွန်း၊ ကချင်ပြည်နယ်မှ ဒေါ်မြဝတ်မှုံ၊ ကရင်ပြည်နယ်မှ မနန်းဝါဝါဝင်း၊ ရန်ကုန်တိုင်းမှ ဒေါ်ဝင့်ဝါခိုင်၊ ကယားပြည်နယ်မှ မခင်နှင်းယု၊ ရခိုင်ပြည်နယ်မှ ဒေါ်စုစုသန်း၊ ပဲခူးတိုင်းမှ မသဉ္ဇာအောင်၊ ကချင်ပြည်နယ်မှ ဒေါ်ဆွေဆွေအေး၊ ချင်း ပြည်နယ်မှ စနေမ၊ မန္တလေးတိုင်းမှ မယုအိဖြိုး၊ ဧရာဝတီတိုင်းမှ မခိုင်ဇာအိ၊ စစ်ကိုင်းတိုင်းမှ မဖြူမာခိုင် (ခေါ်)ခိုင်ခိုင်အောင်၊ မန္တလေးတိုင်းမှ ဒေါ်သက်ထားဇင်၊ ရန်ကုန်တိုင်းမှ ဒေါ်ကြည်နူးပွင့်၊ ရှမ်းပြည်နယ်မှ ဒေါ်သိမ်းနုခင်၊ မကွေးတိုင်းမှ မချောစုဝင်းနှင့် တနင်္သာရီတိုင်းမှ မမြင့်မြတ်ကျော်တို့ ယှဉ်ပြိုင်ကပြကြသည်။

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ ဦးနေလင်း၊ ရှမ်းပြည်နယ်မှ ဦးကျော်လင်းနောင်၊ ရန်ကုန်တိုင်းမှ ဦးမျိုးမြင့်အောင်၊ ရန်ကုန်တိုင်းမှ ဦးဉာဏ်လင်းမောင်၊ စစ်ကိုင်းတိုင်းမှ ဦးသိန်းဇော်ထူး၊ ကချင်ပြည်နယ်မှ ဦးအောင်မြင့်၊ ချင်းပြည်နယ်မှ မောင်ကျော်သီဟ၊ မန္တလေးတိုင်းမှ ဦးကျော်ဝင်းမြင့်၊ မွန်ပြည်နယ်မှ မောင်မင်းချမ်းညီချမ်း၊ ပဲခူးတိုင်းမှ မောင်ဝင်းသူရိန်၊ တနင်္သာရီတိုင်းမှ ဦးတင်မောင်ဝင်းနှင့် ဧရာဝတီတိုင်းမှ ဦးစိုးနိုင်တို့ ယှဉ်ပြိုင်ကပြကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အရေးပြိုင်ပွဲ၏ သီချင်းတိုက်လေ့ကျင့်မှုကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (သင်တန်းခန်းမ)၌ကျင်းပရာ အရေးပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် အဖွဲ့ဝင်များ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အဆင့်မြင့်ပညာအဆင့် အရေးပြိုင်ပွဲ၏ သီချင်းတိုက်လေ့ကျင့်မှုတွင် အောက်တိုဘာ ၁၇ ရက်တွင် တေးစာရေးသားခြင်း ပြိုင်ပွဲဝင်ခဲ့ကြသည့် အမျိုးသား၊အမျိုးသမီးများက **"ပွင့်သောပန်းတိုင်း မွှေးပါစေ"** တေးစာခေါင်းစဉ်ကို ကချင်ပြည်နယ်မှ မောင်မြတ်မိုးပိုင် (ခ) မောင်ပိုင်ပိုင်၊ ကယားပြည်နယ်မှ မနန်းမို့မို့အောင်၊ ကရင်ပြည်နယ်မှ ဦးညီညီဟိန်း၊ မွန်ပြည်နယ်မှ မောင်ပြည့်ဖြိုးမောင်၊ ရှမ်းပြည်နယ်မှ မဝါဝါဝင်းလှိုင်၊ စစ်ကိုင်းတိုင်းမှ မပန်းအိကျော်၊ မန္တလေးတိုင်းမှ မောင်လှသူနှင့် မောင်လင်းဟိန်း၊ ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်နှင့် ဧရာဝတီတိုင်းမှ မောင်ကျော်စွာဝင်းတို့ သံစဉ်ထည့်သွင်း သီချင်းတိုက် လေ့ကျင့်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ စန္ဒရားအတီး အကဲဖြတ်လုပ်ငန်းအဖွဲ့ ခေါင်းဆောင် စန္ဒရားဦးနီနီနှင့် အကဲဖြတ်လုပ်ငန်း အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ထိုသို့ပြိုင်ပွဲဝင်ရာတွင် အခြေခံပညာ အဆင့် အသက် (၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် **"မြိုင်ဟေမာ"** (ယိုးဒယား) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ညီညီဖြိုးဝေ၊ စစ်ကိုင်းတိုင်းမှ မောင်သိန်းဗိုလ်ဗိုလ်၊ ပဲခူးတိုင်းမှ မောင်ဝေယံလင်း၊ မန္တလေးတိုင်းမှ မောင်ကောင်းဆက်လူနှင့် ရန်ကုန်တိုင်းမှ မောင်ဟိန်းတူးဇော်တို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲတွင် **"မြန်မာ့ဂုဏ်ရည်"** (ကာလပေါ်) သီချင်းဖြင့် မန္တလေးတိုင်းမှ မချမ်းမြေ့သူ၊ မန္တလေးတိုင်းမှ မငြိမ်းအေးသူနှင့် ရန်ကုန်တိုင်းမှ မနှင်းအေးဝေတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"တောသူလုပ်ငန်း"** (ကာလပေါ်)သီချင်းဖြင့် မကွေးတိုင်းမှ မောင်ဇာနည်အောင်၊ ရန်ကုန်တိုင်းမှ မောင်အောင်မင်းသူ၊ မန္တလေးတိုင်းမှ မောင်နေဇင်အောင်၊ ရခိုင်ပြည်နယ်မှ မောင်သက်အောင်၊ မန္တလေးတိုင်းမှ မောင်အောင်ကျော်မိုး၊ ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်နှင့် မွန်ပြည်နယ်မှ မောင်လင်းထိုက်အောင်တို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲတွင် **"အတိုင်းမသိ မင်္ဂလာ"** (ဘွဲ့) သီချင်းဖြင့် မန္တလေးတိုင်းမှ မအေးစုမွန်၊ ရှမ်းပြည်နယ်မှ မသီသီဇင်၊ ရန်ကုန်တိုင်းမှ မယဉ်မင်းထက်၊ မန္တလေးတိုင်းမှ မနေရည်အောင်၊ ဧရာဝတီတိုင်းမှ မမေစပယ်ထွန်းနှင့် ရန်ကုန်တိုင်းမှ မတင်ဇာအေးလွင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) ဒိုးပတ်အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန (စုဝေးခန်းမ)၌ ကျင်းပရာ ဒိုးပတ် အကဲဖြတ် အမှတ်ပေးအဖွဲ့

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်ဇယား

ရက်စွဲ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်	နေရာ
၂၂-၁၀-၂၀၀၇ (တနင်္လာနေ့)	မဟာဂီတ	ဝါသနာရှင်(ဒု) (ကျား)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
		အခြေခံ (၁၅-၂၀) (မ)	၁၃၀၀	(စုဝေးခန်းမ)
	အက	အခြေခံ(၅-၁၀) (မ)	၀၉၀၀	မွေးမြူရေးဆိုင်ရာ
	ဇာတ်သဘင်	**သုဝဏ္ဏသာမဇာတ်တော်ကြီး စစ်ကိုင်းတိုင်း**	၁၉၀၀	ဆေးတက္ကသိုလ်(ဘွဲ့နှင်း)
	တယော	အဆင့်မြင့်ပညာ (ကျား) (မ)	၀၉၀၀	သစ်တောသုတေသန
		အခြေခံ(၁၀-၁၅) (ကျား) (မ)	၁၃၀၀	(စုဝေးခန်းမ)
	ဒုံမင်း	ဝါသနာရှင် (ပ) (ကျား) (မ)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
		အခြေခံ (၁၀-၁၅) (ကျား) (မ)	၁၃၀၀	(စာသင်ခန်းမ)
		အခြေခံ (၁၅-၂၀) (ကျား) (မ)	၁၃၀၀	॥
	ဒိုးပတ်	ဝါသနာရှင် (ဒု)	၀၉၀၀	စိုက်ပျိုးရေးသုတေသန
		အခြေခံ (၁၅-၂၀)	၁၃၀၀	(စုဝေးခန်းမ)
	ရုပ်စုံသဘင်အဖွဲ့လိုက်	**မဟာဒုက်ဇာတ်တော် ဧရာဝတီတိုင်းရုပ်စုံအဖွဲ့**	၀၉၀၀	॥
	ဆိုင်းအဖွဲ့လိုက်	အခြေခံ (၅-၁၀) (ကျား)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
		အခြေခံ (၁၅-၂၀) (ကျား)	၁၃၀၀	(ဘွဲ့နှင်းသဘင်ခန်းမ)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

နေပြည်တော် အောက်တိုဘာ ၂၁

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅နာရီတွင် နေပြည်တော်ရေဆင်းရှိ သစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ လုပ်ငန်းကော်မတီအတွင်းရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူးက ကော်မတီဝင်များနှင့် ဆပ်ကော်မတီ အသီးသီးတို့၏ လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
သုဝဏ္ဏသာမဇာတ်တော်ကြီး

စဉ်	ရက်စွဲ	ယှဉ်ပြိုင်မည့်တိုင်း
၁။	၂၂-၁၀-၂၀၀၇	စစ်ကိုင်းတိုင်း

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ

စဉ်	ရက်စွဲ	ယှဉ်ပြိုင်မည့်တိုင်း
၁။	၂၂-၁၀-၂၀၀၇	ဧရာဝတီတိုင်း ရုပ်စုံအဖွဲ့
၂။	၂၄-၁၀-၂၀၀၇	ရန်ကုန်တိုင်း တော်ဝင်ရုပ်စုံအဖွဲ့
၃။	၂၇-၁၀-၂၀၀၇	စစ်ကိုင်းတိုင်း ရုပ်စုံအဖွဲ့

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
ပြဇာတ်

စဉ်	ရက်စွဲ	ယှဉ်ပြိုင်မည့်တိုင်း
၁။	၂၃-၁၀-၂၀၀၇	စစ်ကိုင်းတိုင်း
၂။	၂၄-၁၀-၂၀၀၇	မန္တလေးတိုင်း
၃။	၂၅-၁၀-၂၀၀၇	ရန်ကုန်တိုင်း
၄။	၂၇-၁၀-၂၀၀၇	ပဲခူးတိုင်း
၅။	၂၈-၁၀-၂၀၀၇	ဧရာဝတီတိုင်း

ငြိမ့်ညောင်းသံသာ မြန်မာမှုအနုပညာ

☆ အဆိုအကရယ်က
ချိုလှလို့ ကြည်သာ၊
အရေးအတီးမှာလည်း
ရှေးနည်းစံပါ၊
သုခုမ အနုပညာ
အမြင်မှာ နွဲ့နှောင်း။
ကြားရလျှင် ပီတိစိမ့်
ငြိမ့်ငြိမ့်ညောင်းညောင်း။

☆ ငြိမ့်ညောင်းတဲ့ သံသာ
ထံတျာ ဂီတတေး။
ဒို့မြန်မာ ချစ်မြတ်နိုးတဲ့
ရိုးရာကွဲ့လေး။

☆ ရိုးရာဟန် အမွေအနှစ်ရယ်က
အခြေအမြစ် ခိုင်သန်၊
အရိုးကို အရွက်မဖုံးစေနဲ့
ကိုယ့်ထုံးကိုယ့်စံ၊
ကိုယ့်ဟန်နှင့် ကိုယ့်အသံ
ကိုယ့်ဌာန်နှင့် ကိုယ့်စရိုက်။
အမျိုးဘာသာ ရိုးရာအလိုက်ပေမို့
စည်းကိုက် ဝါးကိုက်။

☆ စည်းဝါးညီ နရီကိုက်တဲ့
ဒို့စရိုက် ယဉ်လှပေ။
နောင်အရှည် ဂုဏ်ရည်တင့်အောင်လို့
လက်ဆင့်ကမ်းဝေ၊
အနုအလှပါကွဲ့
သုခုမ အစဉ်အလာမသွေ
ပညာအမွေ ဆင့်ပွား။
တစ်ဆယ့်ငါးကြိမ် သဘင်ပွဲမှာ
နွှဲပြိုင်စို့လား။ ။

ရေနံ့သာမောင်ကျော်ညွန့်

ဒိုးပတ်အတီးပြိုင်

အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် ဒိုးပတ်အတီးပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မောင်အွမ်နိုင်းနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

✻ စာမျက်နှာ ၆ မှ

အဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲဝင်

ဝါသနာရှင်အဆင့် (ပထမတန်း) ဒိုးပတ်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ဦးထက်ကိုကိုနှင့်အဖွဲ့၊ ပဲခူးတိုင်းမှ ပတ္တမြားကုလား (ခ) ကျော်ကျော်လင်းနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးကျော်ကျော်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးကျော်မင်းနှင့်အဖွဲ့နှင့် ဦးစိန်ကုလားနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ချင်းတွင်းစနေနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးကျော်ကျော်ဟန်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် ဒိုးပတ်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ဘိုဘိုမင်းနှင့် အဖွဲ့နှင့် မောင်ချစ်သဲထွေးနှင့်အဖွဲ့၊ ချင်းပြည်နယ်မှ မောင်အွမ်နိုင်းနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်ဘုန်းမြင့်ကျော်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်အောင်ခိုင်ဟိန်းနှင့်အဖွဲ့နှင့် မောင်တူးတူးနိုင်နှင့် အဖွဲ့နှင့် ဧရာဝတီတိုင်းမှ မောင်ဇင်မျိုးထက်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား) ပတ္တလား အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)၌ ကျင်းပရာ အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ ပတ္တလား အကဲဖြတ်ပညာရှင်များ အဖွဲ့ခေါင်းဆောင် ဦးခင်လှနှင့်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား)ပတ္တလား အတီးပြိုင်ပွဲကိုကျင်းပရာ ဒီပါအေးမြ (ပတ်ပျိုး) သီချင်းဖြင့် ပဲခူးတိုင်းမှ ဦးစိန်သန်းနွယ်၊ ရန်ကုန်တိုင်းမှ ဦးကောင်းဆက်၊ မန္တလေးတိုင်းမှ ဦးလှဝင်းနှင့် ဦးကောင်းသန့်၊ ဧရာဝတီတိုင်းမှ ဦးမြသန်းကျော် (ခေါ်)သန်းကျော်ဇော်၊ မွန်ပြည်နယ်မှ ဦးချမ်းသာ၊မကွေးတိုင်းမှ ဦးမြမင်းဗိုလ်နှင့် ရန်ကုန်တိုင်းမှ ဦးလှသန်း(ခေါ်) စိန်ဝမ်းတင်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ်(အမျိုးသား)မဟာဂီတ အဆိုပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မောင်မိုးထက်နိုင် ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ပတ္တလားတီးပြိုင်ပွဲ

မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပတ္တလား အတီးပြိုင်ပွဲကို ဆက်လက် ကျင်းပရာ **“ဝေဇယန်နှင့် နှုန်းကြား”**(ကြိုး)သီချင်းဖြင့် မန္တလေးတိုင်းမှ မစန်းစန်းဝေ၊ မွန်ပြည်နယ်မှ မအေးစုမာ၊ ပဲခူးတိုင်းမှ မစိမ်းမိုး၊ မန္တလေးတိုင်းမှ မချိုသဲဇာ၊ ရန်ကုန်တိုင်းမှ မခင်ပပအောင်နှင့် မတင်ဇာအေးလွင်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

အကဲဖြတ်အမှတ်ပေး

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်) ခန်းမ၌ကျင်းပရာ ဆိုင်းအဖွဲ့လိုက် အကဲဖြတ်အမှတ်ပေးအဖွဲ့-အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးချမ်းသာ ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ဦးရဲနိုင်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးရှိုင်းအောင်နှင့် အဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးကိုကိုဇော်နှင့်အဖွဲ့၊ မကွေးတိုင်းမှ ဦးစိန်မင်းကြည်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးမျိုးကိုနှင့် အဖွဲ့၊ မန္တလေးတိုင်းမှ ဦးကျော်မိုးနိုင်နှင့် အဖွဲ့၊ ပဲခူးတိုင်းမှ မောင်ဆန်းသစ်အောင်(ခ) မောင်မောင်ညွန့်နှင့်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ ဦးထက်ကိုကိုနှင့် အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်မျိုးသူနှင့်အဖွဲ့နှင့် မောင်အောင်ဗိုလ်မင်းနှင့် အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ဇေယျာထွန်းနှင့်အဖွဲ့နှင့်ရန်ကုန်တိုင်းမှ မောင်ညီရဲသီဟ(ခ) သိန်းသန်းစိုးနှင့် အဖွဲ့တို့ ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

နိုင်ငံတကာလူ့အသိုင်းအဝိုင်းက မြန်မာနိုင်ငံအပေါ် ဘယ်လိုဆက်ဆံသင့်ပါသလဲ။ မူရင်းအားဖြင့် “နိုင်ငံတည်ဆောက်ခြင်း”ရဲ့ အရင်းအမြစ်ဟာ ပြည်သူပြည်သားများ ကိုယ်တိုင်က အဲဒီနိုင်ငံရဲ့ သမိုင်း၊ ယဉ်ကျေးမှု၊ ပြည်သူ့စရိုက်သဘောသဘာဝနဲ့ လိုက်လျောညီထွေစွာ တစ်လှမ်းစီတစ်လှမ်းစီ ချီတက်သွားရမယ့် လုပ်ငန်းဖြစ်ပါတယ်။ အဲဒါကို နားလည်သဘောမပေါက်တဲ့ တခြားနိုင်ငံများက ကြားဝင်ရင် အမြင်လွဲမှားပြီး ကူရာမရောက်ဘဲ နှောင့်ယှက်ရာ ရောက်ပြီး အဲဒီနိုင်ငံရဲ့ ကြိုးပမ်းအားထုတ်မှုကို အဆီးအတားဖြစ်စေနိုင်ပါတယ်။ ထို့ကြောင့် နိုင်ငံတကာ လူ့အသိုင်းအဝိုင်းက မြန်မာနိုင်ငံအပေါ် မလိုအပ်ဘဲ ဝင်ရောက်စွက်ဖက်မှုကို ရှောင်ကြဉ်ပြီး ထောက်ပံ့ခြင်း၊ ကုန်သွယ်ရေးဝယ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ နည်းပညာဝေမျှခြင်းစသည့် ဘက်ပေါင်းစုံမှ ထောက်ပံ့ခြင်းတွေကို ပြုလုပ်သင့်ပါတယ်။

ဂျပန်သတင်း၊ စာနယ်ဇင်းများက မြန်မာနိုင်ငံ အသံလွှင့်ဌာနက အကြိမ်ကြိမ်ထုတ်ပြန်နေသည့် NLD က ပြည်သူများကို အခကြေးငွေပေး၍ ဆန္ဒပြမှုတွေ ပါဝင်ခိုင်းကြောင်း၊ ဆန္ဒပြအုပ်စုက ခဲဖြင့်ပစ်၍ လက်နက်လုယူရန် ပြုလုပ်လာသောကြောင့် လုံခြုံရေးတပ်ဖွဲ့က မလွှဲမရှောင်သာ ပစ်ခတ်ခဲ့ရကြောင်း စသည်ဖြင့် ထုတ်ပြန်တဲ့ သတင်းကို လုံးလုံးမကြေညာခဲ့ကြပါဘူး။ တကယ်တော့ ဆန္ဒပြနေသူများဟာ သာမန်ပြည်သူများမဟုတ်ဘဲ ဆန္ဒပြသူအများစုဟာ ရိုင်းရိုင်းပြောရလျှင် ယုံကြည်လို့မရတဲ့လူများ၊ အလုပ်လက်မဲ့များစသည့် NLD မှ အခကြေးငွေပေးတာကို လက်ခံပြီး သိမ်းသွင်းစည်းရုံးခံထားရသူများဖြစ်တယ်ဆိုတာဟာ တကယ်အဖြစ်မှန်ပဲ ဖြစ်ပါတယ်။

ပြည်ပနိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် လွဲမှ

[အောက်တိုဘာ ၁၁ ရက်က ဂျပန်နိုင်ငံ၌ ထုတ်ဝေသော Shukan Shincho အပတ်စဉ်ထုတ် စာစောင်တွင် ဖော်ပြပါရှိသော ဆောင်းပါးရှင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးအဖြစ် သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူ Mr. Yoichi YAMAGUCHI ရေးသားသည့် ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်။]

လုံခြုံရေးတပ်ဖွဲ့မှ ပစ်ခတ်မှုကြောင့် လဲကျသွားတဲ့ Journalist Mr. Nagai Kenji (အသက် ၅၀ နှစ်)၏ ရုပ်ပုံကို မြင်လိုက်ရတဲ့အခါ အမှန်အတိုင်းဝန်ခံရရင် ကျွန်တော့်ရင်ထဲမှာ အတွေးတွေ ရှုပ်ထွေးသွားခဲ့မိပါတယ်။

Mr. Nagai Kenji သေဆုံးခဲ့မှုအတွက် အလွန်စိတ်ထိခိုက်မိသည်မှာ အမှန်ပင်ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ဖက်မှာလည်းပဲ မြန်မာစစ်အစိုးရက သာမန်ပြည်သူများ အထူးသဖြင့် နိုင်ငံခြားသား Journalist ကို ချိန်ပြီးပစ်လိုက်တယ်ဆိုတာ မဖြစ်နိုင်ဘဲ ကံဆိုးစွာနဲ့ အကြောင်းမျိုးစုံ တိုက်ဆိုင်သွားခြင်းဖြစ်နိုင်ကြောင်း လေးလေးနက်နက် တွေးမိပါတယ်။ ဥရောပနိုင်ငံအားလုံးနီးပါးနဲ့ ဂျပန် သတင်းစာ၊ စာနယ်ဇင်း၊ ရုပ်မြင်သံကြားမှာ မြန်မာနိုင်ငံမှာ ပေါ်ပေါက်ခဲ့သော သံဃာများ အဓိကပါဝင်သည့် ဆန္ဒပြမှုကို စစ်အစိုးရ၏ နှိမ်နင်းမှုနှင့် ပတ်သက်ပြီး ဒီမိုကရေစီကို တောင်းဆိုနေသော ပြည်သူများ ထကြွခဲ့သည်ဟု သတင်းတွင် ဖော်ပြထားပါတယ်။ Mr. Nagai သေဆုံးမှုကိုလည်း စစ်အစိုးရ၏ လက်နက်ကိုင်နှိမ်နင်းမှုအဖြစ် သရုပ်ဖော်ပြီး တင်ပြထားတာ တွေ့ရပါတယ်။

သို့သော် ၁၉၉၅ ခုနှစ်မှစ၍ သုံးနှစ်ကြာ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့်အပြင် တာဝန်ပြီးဆုံးသည့်နောက်ပိုင်း နှစ်စဉ်နီးပါး မြန်မာနိုင်ငံကို အလည်အပတ်သွားခဲ့တဲ့ အတွေ့အကြုံများအရ ပြောရရင် ဒီအမြင်ဟာ အလွန်ပဲ ရိုးရိုးရှင်းရှင်းလေးဖြစ်ပါတယ်။ “စစ်အစိုးရ စစ်အစိုးရ” လို့ အဝေဖန်ခံနေရတဲ့ မြန်မာစစ်အစိုးရဟာ Pol Pot အစိုးရလက်အောက်က ကမ္ဘောဒီးယား၊ Marcos အစိုးရလက်အောက်က ဖိလစ်ပိုင်နဲ့ လုံးဝကွာခြားပါတယ်။ ဒါပေမယ့် ဂျပန်အပါအဝင် ဥရောပနိုင်ငံများ၏ သတင်း စာနယ်ဇင်းများက မြန်မာအစိုးရအပေါ်စေတနာထားသောသတင်းမျိုး လုံးဝမဖော်ပြပါ။ ဥပမာအားဖြင့် ယခုအချိန် အစိုးရဆန့်ကျင်ရေးဆန္ဒပြမှု၊ လူအရေအတွက်နှင့်ပတ်သက်ပြီး **ဂျပန်သတင်းစာအားလုံးက တစ်သိန်းလို့ ဖော်ပြထားပေမယ့် ရုပ်မြင်သံကြားမြင်ကွင်းမှ ဆန်းစစ်ကြည့်သည့်အခါ အရေအတွက်က လုံးဝကွာခြားနေပါတယ်။ တကယ်က နိုင်ငံခြားသတင်းစာနယ်ဇင်းများဟာ မြန်မာအစိုးရ ဆန့်ကျင်ရေးလှုပ်ရှားမှုနှင့် ပတ်သက်ပြီး အရေအတွက်ကို ချဲ့ထွင်ပြောတတ်တာ အခုအကြိမ်သာမကတော့ပါဘူး။ ကျွန်တော်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် ကာလက ဒေါ်အောင်ဆန်းစုကြည်အိမ်ရှေ့မှာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် လူစုလေ့ရှိကြပါတယ်။ ဂျပန် သတင်း၊ စာနယ်ဇင်းများက ထိုနေရာတွင် စုရုံးရောက်ရှိလာသူများ၏ အရေအတွက်ကို ၃၀၀၀/၄၀၀၀ ဟု ဖော်ပြခဲ့ကြတယ်။ ကျွန်တော်က တပည့်ကို စေလွှတ်၍ လက်တွေ့ရေတွက်စေခဲ့ရာ လူပေါင်း ၅၀၀ / ၆၀၀ လောက်ပဲရှိခဲ့ပါတယ်။ တမင်တကာရည်ရွယ်တယ်၊ မရည်ရွယ်ဘူးဆိုတာကို ဘေးဖယ်ပြီး သတင်းလောကတွင် အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှု လူအရေအတွက်ကို ၅/၆ဆ လောက် တစ်ခါတစ်လေ ၁၀ ဆလောက် ချဲ့ထားတယ်ဆိုတာ သိစေချင်ပါတယ်။**

ဒါ့ကြောင့် လူအရေအတွက် တစ်သိန်းလို့ သတင်းထဲမှာ ဖော်ပြထားတာဟာ လုံးဝယုံလို့မရနိုင်ပါဘူး။ ဒီလို ပြောတဲ့အတွက် ကျွန်တော့်ကို စစ်အစိုးရနဲ့ တစ်ပါတီတည်းလို့ ဝေဖန်ကြမယ်ဆိုတာ ကောင်းကောင်းသိထားပါတယ်။ ဒါပေမယ့် ညာဘက်အစွန်းက စစ်အစိုးရ၊ ဘယ်ဘက်အစွန်းက ဒေါ်စုကြည်နှင့် အစိုးရဆန့်ကျင်သူအုပ်စုရှိတယ်ဆိုရင် ကျွန်တော်ဟာ အဲဒီ နှစ်ခုရဲ့ အလယ်တည့်တည့်မှာ ရပ်နေတယ်လို့ ထင်ပါတယ်။ သို့သော် သတင်းလောကက ဒေါ်စုကြည် ဘက်မှာ ရပ်နေတဲ့အနေအထားမျိုးဖြစ်နေတဲ့အတွက် သူတို့ဘက်ကနေကြည့်ရင် ကျွန်တော်ဟာ စစ်အစိုးရဘက်မှာ ရပ်နေသလို မြင်ရတာတော့ မတတ်နိုင်ပါဘူး။

တကယ်လက်တွေ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သတင်းတွေဟာ အခုအချိန်အထိ ဒေါ်စုကြည်ဘက်မှာ နေနေခဲ့ပါတယ်။ အခုအကြိမ်မှာလည်းပဲ ဒီအတိုင်းပါဘဲ။ **ဂျပန်သတင်း၊ စာနယ်ဇင်းများက မြန်မာနိုင်ငံ အသံလွှင့်ဌာနက အကြိမ်ကြိမ်ထုတ်ပြန်နေသည့် NLD က ပြည်သူများကို အခကြေးငွေပေး၍ ဆန္ဒပြမှုတွေ ပါဝင်ခိုင်းကြောင်း၊ ဆန္ဒပြအုပ်စုက ခဲဖြင့်ပစ်၍ လက်နက်လုယူရန် ပြုလုပ်လာသောကြောင့် လုံခြုံရေးတပ်ဖွဲ့က မလွှဲမရှောင်သာ ပစ်ခတ်ခဲ့ရကြောင်းစသည်ဖြင့် ထုတ်ပြန်တဲ့ သတင်းကို လုံးလုံးမကြေညာခဲ့ကြပါဘူး။ တကယ်တော့ ဆန္ဒပြနေသူများဟာ သာမန်ပြည်သူများမဟုတ်ဘဲ ဆန္ဒပြသူအများစုဟာ ရိုင်းရိုင်းပြောရလျှင် ယုံကြည်လို့မရတဲ့လူများ၊ အလုပ်လက်မဲ့များစသည့် NLD မှ အခကြေးငွေပေးတာကို လက်ခံပြီး သိမ်းသွင်းစည်းရုံးခံထားရသူများ ဖြစ်တယ်ဆိုတာဟာ တကယ်အဖြစ်မှန်ပဲဖြစ်ပါတယ်။**

ဒါ့အပြင် အချို့ဒေသများတွင် သံဃာများက လုံခြုံရေးတပ်ဖွဲ့ကို ဘုန်းကြီးကျောင်းထဲကို ဆွဲသွင်းပြီး ကားကိုမီးရှို့ခြင်း စသည့် “ငြိမ်းချမ်းစွာ ဆန္ဒပြခြင်း”လို့ မတွေးနိုင်တဲ့ လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြောင်း ကြားသိခဲ့ရပါတယ်။ ဒီကိစ္စတွေကိုလည်း ဂျပန်သတင်း၊ စာနယ်ဇင်းများမှာ ယခုထက်တိုင် မဖော်ပြခဲ့ပါဘူး။

ဒေါ်စုကြည်၏ ဆန့်ကျင်လှုံ့ဆော်မှု

ဂျပန်သတင်းလောကမှာ“စစ်အစိုးရက နိုင်ငံရေးအရထိန်းသိမ်းထားသူများကို လွှတ်ပေးသင့်သည်” လို့ ထုတ်ဖော်ပြောကြားလျက်ရှိပေမယ့်လည်း မြန်မာနိုင်ငံဘက်ကတော့ “နိုင်ငံရေးအကျဉ်းသား” သက်သက်လို့ဆိုနိုင်တဲ့လူ တစ်ယောက်မှုမရှိပါဘူးလို့ ဆိုပါတယ်။ ဒါဟာ မြန်မာအစိုးရရဲ့ ရပ်တည်နေတဲ့ အနေအထားဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားများထဲတွင် ဆန္ဒပြမှု၊ လူစုမှုကြောင့် အဖမ်းအဆီးခံထားရသူများလည်း ပါဝင်တယ်ဆိုတာ ငြင်းစရာမရှိပါဘူး။ ဒါဟာ “လမ်း၊ ပန်းခြံ စသည့်အများပိုင်နေရာများတွင် ငါးယောက်အထက် နိုင်ငံရေးအတွက် စုရုံးခြင်းမလုပ်ရ” “အဆောက်အအုံအတွင်း နိုင်ငံရေးအတွက် လူ ၅၀ အထက် စုရုံးခြင်းအတွက် ခွင့်ပြုချက်ရယူရန် လိုအပ်သည်” စတဲ့ ယခင်ကတည်းကရှိခဲ့တဲ့ တရားဥပဒေကို ချိုးဖောက်ခဲ့မှုအတွက် အစစ်အဆေးခံရခြင်းကိစ္စဖြစ်ပါတယ်။ နိုင်ငံတော်အုပ်ချုပ်ရေးအနေဖြင့် လုပ်ရိုးလုပ်စဉ်သာဖြစ်ပါတယ်။ သို့သော် သတင်းလောကမှာတော့ စစ်အစိုးရ၏ လုပ်ရပ်အားလုံးကို ဖိနှိပ်မှုသတင်းအဖြစ် ဖော်ပြလျက်ရှိကြပါတယ်။

တရားဥပဒေကို ဆန့်ကျင်ချိုးဖောက်မှုလုပ်နေတာက ထိန်းသိမ်းခံနေရတဲ့ ဒေါ်စုကြည်သာဖြစ်တယ်။ ခြံဝင်းအကျယ်ကြီးရှိပါလျက် တမင်တကာ ဟောပြောပွဲကို ခြံရှေ့ကလမ်းပေါ်မှာလုပ်ပြီး လူစုပြီး အစိုးရကို ဆန့်ကျင်ဟောပြောခဲ့တယ်။ ခြံထဲမှာ စုရုံးကျင်းပဖို့ သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့တို့က အကြောင်းကြားပေမယ့် နားမထောင်ခဲ့ပါဘူး။ ဒါပေမယ့် ဖမ်းဆီးမှုပြုလုပ်ခဲ့ရင်တော့ “ဒီမိုကရေစီကို နှောင့်ယှက်နေတယ်” လို့ ပြည်တွင်းပြည်ပကသတင်းလောကကို အသံမြှင့်ပြီး အော်ခဲ့ပါတယ်။ ဥရောပသတင်းလောကထဲမှာ ဒီအနှစ် ၂၀ အတွင်း ဒေါ်စုကြည်ကို မြန်မာ့ဒီမိုကရေစီရဲ့ “မျှော်လင့်ချက်ကြယ်တံခွန်” လို့ သဘောထားလာခဲ့ပါတယ်။ အခုလို မြန်မာသတင်းတွေအပေါ် အထင်အမြင်လွဲမှားမှုများ ပေါ်ပေါက်ရတာဟာ အဲဒီသတင်းဌာနများရဲ့ တစ်ဖက်သတ်အမြင်နဲ့ ဝေဖန်မှုကြောင့်ပဲဖြစ်ပါတယ်။

ဒီလို သဘောထားမှုဟာ ကြီးမားတဲ့ မှားယွင်းချက်ဖြစ်တယ်ဆိုတာကို ရှင်းပြဖို့ဆိုရင် အဖိနှိပ်ခံခဲ့ရတဲ့ မြန်မာ့သမိုင်းကို သိထားဖို့ လိုအပ်ပါတယ်။ ယခင်က မြန်မာနိုင်ငံကို ဗမာနိုင်ငံလို့ ခေါ်ခဲ့ကြပါတယ်။ ၁၉ ရာစုအစပိုင်းမှာ အင်္ဂလိပ်က ကျူးကျော်ဝင်ရောက်လာပြီး ကိုလိုနီအဖြစ်အသိမ်းခံခဲ့ရတယ်။ အင်္ဂလိပ်က သိမ်းပိုက်ခဲ့တဲ့ ကမ္ဘာတစ်ဝန်းက ကိုလိုနီနိုင်ငံတွေထဲမှာ မြန်မာပြည်က အလွန်အကျွံဆိုးရွားစွာ လွှမ်းမိုးခံခဲ့ရတယ်။ ၆၉ ရာခိုင်နှုန်းရှိတဲ့ ဗမာလူမျိုးတွေဟာ ခရစ်ယာန်ဘာသာကို ပြောင်းသွားတဲ့ တိုင်းရင်းသားအချို့နဲ့ တရုတ်၊ အိန္ဒိယလူမျိုးတွေရဲ့အောက်ကို ကျဆင်းခဲ့ရပြီး လူ့အဖွဲ့အစည်းရဲ့ အခွင့်အရေးအားလုံး ဆုံးရှုံးသွားပါတယ်။

ဒုတိယကမ္ဘာ
အင်္ဂလိပ်ကို တိုက်
ခုနှစ်တွင် ဗမာနိုင်
ခံခဲ့ရပါတယ်။ ဗိုလ်
ဖြစ်လာပြီး ဒေါ်
ကာ ၁၉၇၂ ခု
ဒေါ်အောင်ဆန်းစု
ခဲ့ကြပါတယ်။

တစ်ဖက်မှာ
များ ဆက်လက်
တပ်မတော်မှ ဗို
ဆိုရှယ်လစ်ပါတီ
မထူးခြားသော အ
ပိတ်ဆို့ထားမှုများ
ကို ပြည်သူတွေ
၈၈ အရေးအခ
မဟုတ်ဘဲ တက
ယခုလက်ရှိ စစ်
နေမကောင်းလို့
ဒေါ်အောင်ဆန်းစု
ထားတဲ့ ဒေါ်အောင်
ရဲ့ Symbol ဖြ

အမေရိကန်နှင့် ပ

အခုတ
“မျှော်လင့်ချက်ကြ
မှာ ရွေးကောက်
သလဲ။ ဥရောပန
ဒေါ်အောင်ဆန်းစု
ကြပါတယ်။ ဒါပေ
အပေါ်ထားရှိတဲ့ သ
ပြောင်းလဲသွားပါ
အမေရိကန်ထံမှ
ညွှန်ကြားချက်များ
က သိလာကြလို့ပဲ
ရဲ့ ခါးသီးသော
ဩဇာခံခြင်းနှင့်
သံအမတ်ကြီးအဖြ
ဟာ အမေရိကန်
အဆက်အသွယ်လု
အမေရိကန်အစိုးရ
များကို လက်ခံခဲ့

ယခင်က မြန်
တစ်ခုမှာ ဒေါ်အေ
ပို့လာသော ဆ
တွေ့ရှိခဲ့ကြောင်း
အပျက်ကို နိုင်ငံခြ
ခြင်းမရှိပါ။ ထိုသ
လည်း တက်ရော
မဖော်ပြသည့်အ
ကုမ္ပဏီက လိုချ
ဆန့်ကျင်ရေး
ဆိုတဲ့ သတင်းပဲ
ဒေါ်အောင်ဆန်းစု
ဆန့်ကျင်ရန် တ
ကြောင်း ထင်ထင်
ကို တိုက်ဖျက်ဖို့
တိကျပြတ်သားတဲ့
ပြောကြားခြင်းကို

အပေါ် လွဲမှားသော တစ်ဖက်သတ်အမြင်များ

တ် စာစောင်တွင်
န်ထမ်းဆောင်ခဲ့သူ
ပြလိုက်ပါသည်။]

င်းများက မြန်မာနိုင်ငံ
NLD က ပြည်သူများ
ကြောင်း၊ ဆန္ဒပြအုပ်စုက
ကြောင့် လုံခြုံရေးတပ်ဖွဲ့
ည်ဖြင့် ထုတ်ပြန်တဲ့
ယ်တော့ ဆန္ဒပြနေသူ
အများစုဟာ ရိုင်းရိုင်း
လုပ်လက်မဲ့များစသည့်
မ်းသွင်းစည်းရုံးခံထားရ
န်ပဲဖြစ်ပါတယ်။
က လုံခြုံရေးတပ်ဖွဲ့ကို
း စသည့် "ငြိမ်းချမ်းစွာ
လုပ်ဆောင်ခဲ့ကြောင်း
သတင်း၊ စာနယ်ဇင်း

နိုင်ငံရေးအရထိန်းသိမ်း
ာ်ဖော်ပြောကြားလျက်
င်ငံရေးအကျဉ်းသား"
ါဘူးလို့ ဆိုပါတယ်။
နအထားဖြစ်ပါတယ်။
မှုကြောင့် အဖမ်းအဆီး
ရာမရှိပါဘူး။ ဒါဟာ
် ငါးယောက်အထက်
အအုံအတွင်း နိုင်ငံရေး
ပြချက်ရယူရန် လိုအပ်
ပဒေကို ချိုးဖောက်ခဲ့မှု
နိုင်ငံတော်အုပ်ချုပ်ရေး
တ် သတင်းလောကမှာ
သတင်းအဖြစ် ဖော်ပြ

နေတာက ထိန်းသိမ်း
အကျယ်ကြီးရှိပါလျက်
ါ်မှာလုပ်ပြီး လူစုပြီး
းကျင်းပဖို့ သက်ဆိုင်ရာ
နားမထောင်ခဲ့ပါဘူး။
ရေစီကို နှောင့်ယှက်
ဘကကို အသံမြှင့်ပြီး
ဒီအနှစ် ၂၀ အတွင်း
ချက်ကြယ်တံခွန်" လို့
င်းတွေအပေါ် အထင်
ခဲဒီသတင်းဌာနများရဲ့
တယ်။
ားယွင်းချက်ဖြစ်တယ်
ာ့သမိုင်းကို သိထားဖို့
နိုင်ငံလို့ ခေါ်ခဲ့ကြပါ
ကျော်ဝင်ရောက်လာပြီး
သိမ်းပိုက်ခဲ့တဲ့ ကမ္ဘာ
ည်က အလွန်အကျွံ
တဲ့ ဗမာလူမျိုးတွေဟာ
သားအချို့နဲ့ တရုတ်၊
း လူ့အဖွဲ့အစည်းရဲ့

ဒုတိယကမ္ဘာစစ်အတွင်း ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်နဲ့လက်တွဲ၍ အင်္ဂလိပ်ကို တိုက်ထုတ်ရာတွင် အောင်မြင်ခဲ့ပါတယ်။ သို့သော် ၁၉၄၈ ခုနှစ်တွင် ဗမာနိုင်ငံ လွတ်လပ်ရေးရတာကို မမြင်လိုက်ရဘဲ လုပ်ကြံခံခဲ့ရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီးဟာ အိန္ဒိယသံအမတ်ကြီးဖြစ်လာပြီး ဒေါ်အောင်ဆန်းစုကြည်က Oxford မှာ ပညာသင်ယူကာ ၁၉၇၂ ခုနှစ်တွင် အင်္ဂလိပ်လူမျိုးနှင့် လက်ထပ်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ဗမာပြည်သူ၊ ပြည်သားများက ခေတ္တမေ့နေခဲ့ကြပါတယ်။

တစ်ဖက်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် မငြိမ်မသက်မှုများ ဆက်လက်ပေါ်ပေါက်ခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်တွင် မြန်မာ့တပ်မတော်မှ ဗိုလ်ချုပ်နေဝင်းက နိုင်ငံတော်အာဏာကို ရယူပြီး ဆိုရှယ်လစ်ပါတီကို ဖွဲ့စည်းလိုက်ပါတယ်။ အင်္ဂလိပ် ကိုလိုနီခေတ်နဲ့ မထူးခြားသော အမှောင်ခေတ်ကို ရောက်ရှိခဲ့ပါတယ်။ ပြည်တွင်းမှာ ပိတ်ဆို့ထားမှုများကြောင့် စီးပွားရေးဆိုးရွားလာခဲ့တယ်။ အဲဒါတွေကို ပြည်သူတွေရဲ့ မကျေနပ်မှုများ ပေါက်ကွဲထွက်ပေါ်လာတာက ၈၈ အရေးအခင်းပဲ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ချဲ့ပြောတာမဟုတ်ဘဲ တကယ်ကိုပဲ လူတစ်သိန်းက ဆန္ဒပြခဲ့ကြတယ်။ အဲဒီမှာ ယခုလက်ရှိ စစ်အစိုးရပေါ်ပေါက်လာခဲ့တယ်။ အဲဒီအချိန်မှာ မိခင်နေမကောင်းလို့ လာကြည့်ရင်း ကြုံကြိုက်သွားတာကတော့ ဒေါ်အောင်ဆန်းစုကြည်ပဲဖြစ်ပါတယ်။ အင်္ဂလန်နိုင်ငံသားအဖြစ် ခံယူထားတဲ့ ဒေါ်အောင်ဆန်းစုကြည်က ရုတ်တရက် ဒီမိုကရေစီလှုပ်ရှားမှုကြီးရဲ့ Symbol ဖြစ်လာခဲ့ပါတယ်။

အမေရိကန်နှင့် ပူးပေါင်းကြံစည်ခြင်း

အခုတလော ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီရဲ့ "မျှော်လင့်ချက်ကြယ်" ဖြစ်ခဲ့တာမှန်ပါတယ်။ ယခုလက်ရှိ အနေအထားမှာ ရွေးကောက်ပွဲကျင်းပမယ်ဆိုရင် ဘယ်လိုဖြစ်လာမယ် ထင်ပါသလဲ။ ဥရောပနှင့် ဂျပန်သတင်းလောကမှာ ယခုထိ မပြောင်းမလဲ ဒေါ်အောင်ဆန်းစုကြည်ကို "မျှော်လင့်ချက်ကြယ်" လို့ သဘောထားကြပါတယ်။ ဒါပေမယ့် မြန်မာပြည်သူများရဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ်ထားရှိတဲ့ သဘောထားက ဒီကာလအတွင်းမှာတင် အကြီးအကျယ်ပြောင်းလဲသွားပါပြီ။ အကြောင်းကတော့ ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်ထံမှ ငွေ၊ ပစ္စည်းထောက်ပံ့မှုကိုရယူပြီး နိုင်ငံရေးဆိုင်ရာ ညွှန်ကြားချက်များရယူလုပ်ဆောင်နေမှုကို ပြည်သူတော်တော်များများက သိလာကြလို့ပဲဖြစ်ပါတယ်။ တကယ်တော့ အင်္ဂလိပ် ကိုလိုနီဘဝရဲ့ ခါးသီးသော အတွေ့အကြုံရှိတဲ့ မြန်မာလူမျိုးများဟာ နိုင်ငံခြားသြဇာခံခြင်းနှင့် ပူးပေါင်းခြင်းကို ရွံမုန်းကြပါတယ်။ ကျွန်တော်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဒေါ်အောင်ဆန်းစုကြည်ဟာ အမေရိကန်အစိုးရအဖွဲ့မှ အောဘရိုက်နှင့် မနက်ရောညပါ အဆက်အသွယ်လုပ်၍ စစ်အစိုးရကို ဆန့်ကျင်ရန် ညွှန်ကြားချက်နဲ့ အမေရိကန်အစိုးရထောက်ပံ့ရေးအဖွဲ့များထံက ငွေနှင့် ပစ္စည်းထောက်ပံ့မှုများကို လက်ခံခဲ့ပါတယ်။

ယခင်က မြန်မာအစိုးရက ပြည်တွင်း၊ ပြည်ပသတင်းစာ ရှင်းလင်းပွဲတစ်ခုမှာ ဒေါ်အောင်ဆန်းစုကြည်ထံ လိပ်မူ၍ အမေရိကမှ တရားဝင်ပို့လာသော ဆက်သွယ်ရေးစက်ကိရိယာများကို နယ်စပ်ဒေသတွင် တွေ့ရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ သို့သော် ထိုအဖြစ်အပျက်ကို နိုင်ငံခြားတိုင်းပြည်အားလုံးလိုလိုက သတင်းတွင် ဖော်ပြခဲ့ခြင်းမရှိပါ။ ထိုသတင်းစာ ရှင်းလင်းပွဲတွင် ဂျပန်သတင်းထောက်များလည်း တက်ရောက်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ဂျပန်သတင်းစာတွင် မဖော်ပြသည့်အကြောင်းရင်းကို မေးမြန်းကြည့်ရာ "ကျွန်တော်တို့ကုမ္ပဏီက လိုချင်တဲ့သတင်းဟာ မြန်မာနိုင်ငံမြို့တော်က အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုတွေကြောင့် သွေးပင်လယ်ဝေခဲ့ရတယ်" ဆိုတဲ့ သတင်းပဲဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ နောက်တစ်ခု ဒေါ်အောင်ဆန်းစုကြည်ကို လူကြိုက်နည်းလာရတာကတော့ အစိုးရကို ဆန့်ကျင်ရန် တမင်ဆန့်ကျင်တဲ့ ဟောပြောချက်များကို ပြောဆိုနေကြောင်း ထင်ထင်ရှားရှားဖြစ်လာတဲ့အချိန်မှာ စတင်ခဲ့ပါတယ်။ စစ်အစိုးရကို တိုက်ဖျက်ဖို့ အော်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပါးစပ်မှ တိကျပြတ်သားတဲ့ နိုင်ငံရေးမျှော်လင့်ချက် Mission အကြောင်း ပြောကြားခြင်းကို တစ်ခါမျှမကြားဖူးကြပါ။

အဲဒီအချက်ကို သတိပြုမိတဲ့ ပြည်သူတော်တော်များများဟာ ဒေါ်အောင်ဆန်းစုကြည်ကို စိတ်ပျက်လာကြတယ်။ ဒေါ်အောင်ဆန်းစုကြည်ထံမှ ခွာသွားသူများ၊ ဒေါ်အောင်ဆန်းစုကြည် ကို ဆန့်ကျင်သူများ ပြည်သူများထဲမှ ထွက်ပေါ်လာခဲ့တယ်။ အဲဒီသက်သေက ၁၉၉၆ ခုနှစ် ရန်ကုန်မြို့တွင်းမှာ ဒေါ်အောင်ဆန်းစုကြည် စီးလာတဲ့ကားမီးရှို့ခံခဲ့ရပြီး အကြမ်းဖက်သူများက ဝိုင်းအုံထားတဲ့အရေးအခင်းတစ်ခုပဲဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အပေါ် အန္တရာယ်မကျရောက်မီ တဲတဲကလေးမှာ ရဲတပ်ဖွဲ့က အကြမ်းဖက်သူများကို နှိမ်နင်းပြီး ကာကွယ်ပေးခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က သူမ၏ လုံခြုံရေးအတွက် အစိုးရထံတောင်းဆိုခဲ့တဲ့အတွက် နေအိမ်ရှေ့တွင် ရဲအစောင့် (၃/၄)ယောက် ချထားပေးခဲ့ပါတယ်။ ဒါပေမယ့် ဒေါ်အောင်ဆန်းစုကြည်ကို ထိခိုက်နစ်နာစေတဲ့လုပ်ရပ် လုံးဝမရှိပါ။

အခြားတစ်ဖက်တွင် စစ်အစိုးရ၏ လက်ရှိအခြေအနေက ဘယ်လိုရှိပါသလဲ။ ၁၉၈၈ ခုနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင် ၁၈ ဖွဲ့က အစိုးရဆန့်ကျင်ရေးတိုက်ပွဲကြီးများကို ဟန်ချက်ညီညီ အပြင်းအထန်လုပ်ခဲ့ကြတယ်။ မြို့တော်မှာ နေနေတဲ့ ပြည်သူတွေတောင် သေနတ်သံကို ကြားရလောက်အောင် တိုက်ပွဲတွေက ပြင်းထန်ခဲ့ပါတယ်။ စစ်အစိုးရ၏ အကြီးမားဆုံး အောင်မြင်မှုကတော့ သွေးချောင်းစီးတဲ့ ပြည်တွင်းသောင်းကျန်းမှုကို အဆုံးသတ်စေခဲ့ခြင်းပဲဖြစ်ပါတယ်။ ၁၉၉၉ ခုနှစ်မှာ မြန်မာနိုင်ငံမှာ အကြီးမားဆုံးထောင်ဖြစ်တဲ့ အင်းစိန်ထောင်သို့ ကျွန်တော် သွားရောက်ကြည့်ရှုခဲ့ပါတယ်။ အဲဒီမှာတွေ့ရတဲ့ မြင်ကွင်းဟာ စစ်အစိုးရအုပ်ချုပ်နေတယ်လို့တောင် မထင်ရဘဲအေးအေးဆေးဆေး လွတ်လွတ်လပ်လပ်ရှိနေပါတယ်။ ဒီထောင်ထဲမှာ အကျဉ်းသားများဟာ တစ်ရက်နှစ်ကြိမ်ရေချိုးခွင့်ရှိပြီး တစ်ပတ်လျှင်တစ်ကြိမ် မိသားစုနှင့် တွေ့ဆုံခွင့်ရရှိပါတယ်။ ဒါကို အစိုးရက နိုင်ငံခြားသားမို့ ကောင်းတာလေးပဲ ရွေးပြတယ်လို့ပဲ ထင်ရင်လည်းရပါတယ်။ ဒါပေမယ့် ထောင်ထဲက လက်ရှိအခြေအနေကို ကြည့်ရင် သိသာပါတယ်။ ထို့အပြင် ယခင်က တစ်နှစ်လျှင် (၅/၆)ယောက်လောက် သေဒဏ်ပေးလေ့ရှိပေမယ့် လက်ရှိစစ်အစိုးရ ပေါ်လာပြီးနောက် သေဒဏ်ပေးတာမရှိဘူးလို့ သိရပါတယ်။ အစိုးရထိပ်သီးအရာရှိရဲ့ နေထိုင်ပုံဟာလည်း ရိုးရိုးရှင်းရှင်း သဘာဝအတိုင်းပဲဖြစ်ပါတယ်။ ယခုအကြိမ် ဆန္ဒပြမှုရဲ့ အကြောင်းရင်းဖြစ်တဲ့ စက်သုံးဆီဈေးနှုန်းမြင့်တက်ခြင်း စတဲ့ မှားယွင်းချက်များရှိသော်လည်း နှစ်စဉ် ၅ ရာခိုင်နှုန်းအထက် စီးပွားရေးတိုးတက်ကောင်းမွန်လျက်ရှိတဲ့အတွက် ပြည်သူများရဲ့ ယုံကြည်မှုရရှိနေပါတယ်။

ဒီမိုကရေစီလမ်းကြောင်း

အထက်ဖော်ပြပါအကြောင်းများကြောင့် လက်ရှိ မြန်မာပြည်သူအများစုဟာ စစ်အစိုးရဘက်ဆီကို ဦးတည်ပြီး လျှောက်နေတယ်လို့ ကျွန်တော်မြင်ပါတယ်။ အခြေခံဥပဒေရေးဆွဲတဲ့ ပြည်သူ့ညီလာခံ (အမျိုးသားညီလာခံ)ဟာ စက်တင်ဘာလဆန်းမှာပြီးဆုံးခဲ့ပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ သာမန်ပြည်သူများသည် လက်ရှိအခြေအနေကို အကောင်းဆုံးလို့ မထင်ပေမယ့် ဒီမိုကရေစီမရောက်ခင် လမ်းခုလတ်အဖြစ် မလွဲမရှောင်နိုင်သော အနေအထားလို့ ယူဆ သဘောပေါက်ထားပါတယ်။

ကိုလိုနီစနစ်၊ အာဏာရှင်စနစ်ဆိုတဲ့ သမိုင်းကို ဖြတ်သန်းလာတဲ့ နိုင်ငံမှာ မနက်ဖြန် ချက်ချင်းဆိုသလို ဒီမိုကရေစီက အခြေတကျဖြစ်မယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ သေသေချာချာ ပြင်ဆင်ထားခြင်းမရှိတဲ့ နေရာမှာ အပြင်ပန်းပုံသဏ္ဌာန်လေးပဲ ဒီမိုကရေစီနိုင်ငံဖြစ်နေရုံနဲ့ နိုင်ငံရေးသမားများက အာဏာကိုလွှဲပြောင်းရယူပြီး အလွဲသုံးစားလုပ်၊ အာဏာရှိသူက ခြယ်လှယ်ရင် စောစောစီးစီးအမှောင်လွှမ်းမိုးပြီး ပြိုကွဲသွားမှာကို မျက်စိထဲမြင်နေရပါတယ်။ အဲဒါကို သိနေတဲ့ စစ်အစိုးရက ပထမဦးစွာ ဒီမိုကရေစီအတွက် ပြင်ဆင်ချိန်ကာလ တစ်နည်းအားဖြင့် အတိုင်းအတာတစ်ခုအထိ အာဏာယူထားပြီး ဒီမိုကရေစီလမ်းကြောင်းကို ပြုလုပ်၍ One Step ထားပြီးမှ နောက်ဆုံးအဆင့်ဆီသို့ ဦးတည် သွားနေဖို့လုပ်နေပါတယ်။ မြန်မာပြည်သူများကလည်း ဒါကို သဘောပေါက်ကြပါတယ်။

ဒီလိုဆိုရင် နိုင်ငံတကာလူ့အသိုင်းအဝိုင်းက မြန်မာနိုင်ငံအပေါ် ဘယ်လိုဆက်ဆံသင့်ပါသလဲ။ မူရင်းအားဖြင့် "နိုင်ငံတည်ဆောက်ခြင်း" ရဲ့ အရင်းအမြစ်ဟာ ပြည်သူပြည်သားများ ကိုယ်တိုင်က အဲဒီနိုင်ငံရဲ့ သမိုင်း၊ ယဉ်ကျေးမှု၊ ပြည်သူ့စရိုက်သဘောသဘာဝနဲ့ လိုက်လျောညီထွေစွာ တစ်လှမ်းစီတစ်လှမ်းစီ ချီတက်သွားရမယ့်လုပ်ငန်းဖြစ်ပါတယ်။ အဲဒါကို နားလည်သဘောမပေါက်တဲ့ တခြားနိုင်ငံများက ကြားဝင်ရင် အမြင်လွဲမှားပြီး ကူရာမရောက်ဘဲ နှောင့်ယှက်ရာရောက်ပြီး အဲဒီနိုင်ငံရဲ့ ကြိုးပမ်းအားထုတ်မှုကို အဆီးအတားဖြစ်စေနိုင်ပါတယ်။ ထို့ကြောင့် နိုင်ငံတကာလူ့အသိုင်းအဝိုင်းက မြန်မာနိုင်ငံအပေါ် မလိုအပ်ဘဲ ဝင်ရောက်စွက်ဖက်မှုကို ရှောင်ကြဉ်ပြီး ထောက်ပံ့ခြင်း၊ ကူးသန်းရောင်းဝယ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ နည်းပညာဝေငှခြင်း စသည့် ဘက်ပေါင်းစုံမှ ထောက်ပံ့ခြင်းတွေကို ပြုလုပ်သင့်ပါတယ်။

သို့သော် လက်ရှိမြန်မာနိုင်ငံအပေါ်ထားရှိတဲ့ ဥရောပ၊ ဂျပန်နိုင်ငံတို့ရဲ့ တုံ့ပြန်မှုကို ကြည့်လျှင် မြင်ရသလောက်ကတော့ နိုင်ငံရေးရှုထောင့်မှ "နိုင်ငံတည်ဆောက်ခြင်း"ကို ဘေးမှ အကူအညီပေးခြင်း၊ ဘက်ပေါင်းစုံမှထောက်ပံ့ခြင်းဆိုတဲ့ ထောက်ပံ့သင့်တဲ့အရာတွေအားလုံးကို ဆန့်ကျင်ရုံသာမက ကုန်သွယ်မှုဘက်ကပါ ပိတ်ဆို့ထားပါတယ်။

ရှိသင့်တဲ့အနေအထားနဲ့ ရှိနေတာဟာ လုံးဝဆန့်ကျင်ဘက်ဖြစ်နေပါတယ်။ မြန်မာအစိုးရက ယခုအပတ်တကုတ် ကြိုးစားပမ်းစား "နိုင်ငံတည်ဆောက်ခြင်း"ကို လုပ်ဆောင်နေဆဲ ကာလဖြစ်ပါတယ်။

ဒီနေ့ ဒီလိုအခြေအနေမှန်ကို မှန်မှန်ကန်ကန်သုံးသပ်ပြီးနောက် သမိုင်းပြဇာတ်တွေလို ဒေါ်အောင်ဆန်းစုကြည်ကို လူကောင်းဇာတ်လိုက်၊ အစိုးရကို ဗီလိန်လူကြမ်းအဖြစ်နဲ့ မြန်မာနိုင်ငံရဲ့ image ကို တလွဲဖော်ပြထားတာကို ရပ်ဆိုင်းခြင်းဟာ နိုင်ငံတကာအသိုင်းအဝိုင်းက ပထမအဆင့် အကောင်အထည်ဖော်သင့်သည့် လုပ်ငန်းမဟုတ်ပါလားလို့ ကျွန်တော်မေးမြန်းလိုက်ချင်ပါတယ်။ ။

ကိုလိုနီစနစ်၊ အာဏာရှင်စနစ်ဆိုတဲ့ သမိုင်းကို ဖြတ်သန်းလာတဲ့ နိုင်ငံမှာ မနက်ဖြန် ချက်ချင်းဆိုသလို ဒီမိုကရေစီက အခြေတကျဖြစ်မယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ သေသေချာချာ ပြင်ဆင်ထားခြင်းမရှိတဲ့ နေရာမှာ အပြင်ပန်းပုံသဏ္ဌာန်လေးပဲ ဒီမိုကရေစီနိုင်ငံဖြစ်နေရုံနဲ့ နိုင်ငံရေးသမားများက အာဏာကို လွှဲပြောင်းရယူပြီး အလွဲသုံးစားလုပ်၊ အာဏာရှိသူက ခြယ်လှယ်ရင် စောစောစီးစီး အမှောင်လွှမ်းမိုးပြီး ပြိုကွဲသွားမှာကို မျက်စိထဲမြင်နေရပါတယ်။ အဲဒါကို သိနေတဲ့ စစ်အစိုးရက ပထမဦးစွာ ဒီမိုကရေစီအတွက် ပြင်ဆင်ချိန်ကာလ တစ်နည်းအားဖြင့် အတိုင်းအတာတစ်ခုအထိ အာဏာယူထားပြီး ဒီမိုကရေစီလမ်းကြောင်းကို ပြုလုပ်၍ One Step ထားပြီးမှ နောက်ဆုံး အဆင့်ဆီသို့ ဦးတည်သွားနေဖို့လုပ်နေပါတယ်။ မြန်မာပြည်သူများကလည်း ဒါကို သဘောပေါက်ကြပါတယ်။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ

ကချင်ပြည်နယ်၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် ကချင်ပြည်နယ် ပူတာအိုမြို့၊ ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ်၊ မင်းလှမြို့နယ်၊ ရွှေတောင်မြို့နယ်၊ စစ်ကိုင်းတိုင်း ဝန်းသိုမြို့၊ ကျွန်းလှမြို့နယ်၊ ကောလင်းမြို့၊ မော်လိုက်မြို့နှင့် မကွေးတိုင်း ချောက်မြို့နယ်တို့မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၁၄ရက်၊ ၁၆ရက်၊ ၁၇ရက်၊ ၁၈ရက်နှင့် ၂၀ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ၎င်းတို့အားဆန့်ကျင်သော ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပူတာအိုမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် ပူတာအိုမြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ပူတာအိုမြို့နယ်အတွင်းရှိ ရပ်ကွက် ကိုးရပ်ကွက်နှင့် ကျေးရွာအုပ်စု ခြောက်အုပ်စုတို့မှ ပြည်သူအင်အား ၁၃၀၀၀ ခန့်တို့သည် အောက်တိုဘာ ၁၄ရက် နံနက် ၇နာရီ မိနစ် ၄၀တွင် ပူတာအို မြို့လေဆိပ်အဝင်လမ်းမှ စတင်ထွက်ခွာခဲ့ကြရာ လေယာဉ်ကွင်းရပ်ကွက် ဈေးလမ်းဆုံ၊ ၎င်းမှ ပူတာအို–ဆွမ်ပရာဘွမ်–မြစ်ကြီးနားကားလမ်းအတိုင်း ဒုတ္ထာန်ရပ်ကွက် အထကကျောင်း အားကစားကွင်းအထိ လှည့်လည်၍ ဒို့တာဝန် အရေးသုံးပါး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စု အလံများကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကိုလိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ပြည်တွင်းပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ အမျိုးသားညီလာခံကို ထောက်ခံသည် စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ပြည်သူအင်အား ၂၃၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၆ရက် နံနက် ၁၀နာရီ ၅၅မိနစ်တွင် ကြို့ပင်ကောက်မြို့အတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ပြုရေး ဒို့အရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး ဒို့အရေး စသည့်ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး အမျိုးသားညီလာခံအား ထောက်ခံပါသည်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အား လှိုက်လှဲစွာကြိုဆိုပါသည်၊ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ လေလှိုင်းထဲက လူသတ်သမားများ (BBC, VOA, RFA) သတိထား၊ ကိုလိုနီနယ်ချဲ့ လက်သစ်ဝါဒ ဒို့လက်မခံ စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ ကျွန်းလှမြို့နယ်အတွင်းရှိ ပြည်သူအင်အား ၂၁၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၇ရက် နံနက် ၆နာရီခွဲတွင် ကျွန်းလှမြို့ အားကစားကွင်းမှ လဂွမ်းအိမ်လမ်း၊ ၎င်းမှ ဘုရင့်နောင်လမ်း၊ ၎င်းမှ အောင်ဇေယျလမ်း၊ ၎င်းမှ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၎င်းမှ မင်းရဲကျော်စွာလမ်း၊ ၎င်းမှ ဘုရင့်နောင်လမ်းမှတစ်ဆင့် လဂွမ်းအိမ်လမ်းသို့ ပြန်လည်ဝင်ရောက်ပြီး စုရပ်ဖြစ်သည့် ပြည်သူ့ အားကစားကွင်းသို့ လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်အေးချမ်းရေးကို လိုလားသည်၊ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်းပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒ ဒို့လက်မခံ၊ လေလှိုင်းကြားက လူသတ်သမား (VOA,BBC,RFA,DVB)နိုင်ငံခြားအသံလွှင့်ဌာနများ ဒို့လက်မခံ စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ကောလင်းမြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ကောလင်းမြို့နယ်အတွင်းရှိ ပြည်သူအင်အား ၂၀၀၀၀ ခန့်တို့သည် အောက်တိုဘာ ၁၇ရက် နံနက် ၇နာရီခွဲတွင် စစ်ကြောင်းငါးကြောင်းဖြင့် စည်ပင်သာယာပန်းခြံထောင့်တွင် စုရပ်ပြုလုပ်ပြီး ဗိုလ်ချုပ်လမ်း၊ ၁၀ လမ်း၊ စံပယ်လမ်း၊ ၁၁ လမ်းအတိုင်း၊ ၎င်းမှ ရွှေမင်းဝံလမ်းမကြီးအတိုင်း လှည့်လည်၍ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်းပြည်ပ အဖျက်သမားများ အလိုမရှိ၊ ဒို့တာဝန်အရေးသုံးပါး စသည့်ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံ ၅၀ ကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ပြည်တွင်းပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ ဆူပူအကြမ်းဖက်မှု အန္တရာယ် ဒို့ကာကွယ်၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း မင်းလှမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ မင်းလှမြို့ပေါ် ရှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀ အုပ်တို့မှ ပြည်သူအင်အား ၁၂၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၇ ရက် နံနက် ၈နာရီ ၃၅မိနစ်တွင် မင်းလှမြို့ အထကအားကစားကွင်းမှ ကျောင်းလမ်း၊ လမ်းမတော်လမ်း၊ ရုံးလမ်း၊မြောက်ဘက်တန်းလမ်း၊ ဈေးချိုတန်းလမ်း၊ လမ်းမတော်အရှေ့ ဘိုရုံလမ်းတို့သို့ လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ BBC, VOA, RFA လေလှိုင်းပေါ်က လူသတ်သမားများ သတိထား စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း ရွှေတောင်မြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ရွှေတောင်မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူအင်အား ၂၅၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၇ရက် မွန်းလွဲ ၂နာရီတွင် ရွှေတောင်မြို့ မြို့နယ်ပြည်သူ့အားကစားကွင်းမှ ရှမ်းတန်းလမ်း၊ ၎င်းမှ ရန်ကုန်–ပြည်လမ်း၊ ၎င်းမှ BOC ဂိတ်မှ အနောက်ဘက်ကွေ့ကာ ဆေးရုံလမ်း၊ ၎င်းမှ ကင်ပွန်းခြုံလမ်း၊ ၎င်းမှ သစ်ချိုပင်လမ်း၊ ၎င်းမှ ဆယ်နာရီဈေးလမ်း၊ ၎င်းမှ သံကြိုးတန်းလမ်း၊ ၎င်းမှ ဌာနတန်းလမ်းတို့သို့ လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကြိုဆိုထောက်ခံသည်၊ မူဝါဒလမ်းစဉ် (၇)ရပ်အောင်ရမည်၊ သူ့ကျွန်မခံပါ၊ လေလှိုင်းကြားက လူသတ်သမားများ သတိထား စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး နိုင်ငံတော်အလံ ၅၀ နှင့် လက်ကိုင်ဆိုင်းဘုတ် ၁၀၀ ကျော် ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ရွှေတောင်မြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း ဝန်းသိုမြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ဝန်းသိုမြို့ ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၈ အုပ်စုတို့မှ ပြည်သူအင်အား ၂၈၀၀၀ ခန့်တို့သည် အောက်တိုဘာ ၁၈ရက် နံနက် ၇နာရီခွဲတွင် ဝန်းသိုမြို့ မီတာ ၄၀၀ အားကစားကွင်း၌ စုရပ်ပြုလုပ်၍ ဝန်းသိုမြို့ စော်ဘွားကြီးကြေးရပ်လမ်း၊ ပြည်သူ့ဆေးရုံလမ်း၊ ဟော်တော်ဦးဘုရားလမ်း၊ မြို့မဈေးတောင်ဘက်လမ်း၊ အနောက်ဘက်လမ်း၊ ၎င်းမှ စော်ဘွားကြီးကြေးရပ်လမ်း အတိုင်း လှည့်လည်၍ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်းပြည်ပအဖျက်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ⇨

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ဝန်းသိုမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၁၀ မှ

သမားများအလိုမရှိ စသည့်ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး နိုင်ငံတော်အလံ ၁၄လက်ကိုကိုင်ဆောင်ကာ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ပြည်တွင်းပြည်ပ အဖျက်သမားရန်ဒို့တွန်းလှန် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း မော်လိုက်မြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ပွဲသို့ မော်လိုက်မြို့ မြို့ပေါ်လေးရပ်ကွက်နှင့် အနီးဝန်းကျင်ကျေးရွာ ၅၅ရွာမှ ပြည်သူအင်အား ၁၁၀၀၀ကျော်တို့သည် အောက်တိုဘာ ၁၈ ရက်နံနက် ၉နာရီတွင် မော်လိုက်မြို့အတွင်း လှည့်လည်၍ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်း ပြည်ပ အဖျက်သမားများ အလိုမရှိ စသည့်ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံများကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကို လိုလားသည်၊ ဆူပူမှုကို မလိုလား၊ ပြည်တွင်းပြည်ပ အဖျက်သမားရန်ဒို့တွန်းလှန်စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

မကွေးတိုင်း ချောက်မြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ ချောက်မြို့နယ်မှ ပြည်သူအင်အား ၇၀၀၀ကျော်တို့သည် အောက်တိုဘာ ၂၀ရက် နံနက် ၈နာရီခွဲတွင် ချောက်မြို့နယ် အထက (၁)ကျောင်းရှေ့မှ ရတနာအိုင့်လမ်း၊ မြေနီကုန်းလမ်း၊ အလက(၃)လမ်း၊ အေးစေတီလမ်းဆုံ၊ လမ်းမတော်၊ ညောင်လှစာရေး တန်းလမ်း၊ မြို့မအားကစားကွင်းတို့သို့ လှည့်လည်၍ ဒို့တာဝန် အရေးသုံးပါးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပေးရေးတို့ကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်သူ့ဆန္ဒသဘောထား၊ ချောက်မြို့နယ် ပြည်သူလူထုက တည်ငြိမ်မှုကို လိုလားသည်၊ ဒို့တာဝန်အရေးသုံးပါးနှင့် တည်ငြိမ်မှုကို လိုလားသည် စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း လှိုင်သာယာမြို့နယ် တစ်မိုးနှစ်သီး ပထမစပါး ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တစ်မိုးနှစ်သီး ပထမစပါး ရိတ်သိမ်းခြွေလှေ့ခြင်းနှင့် ဒုတိယစပါး ထွန်ယက်စိုက်ပျိုးခြင်း အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ၂၀၀၇ ခုနှစ် တစ်မိုးနှစ်သီး ပထမစပါးရိတ်သိမ်းခြွေလှေ့ခြင်းနှင့် ဒုတိယစပါး ထွန်ယက်စိုက်ပျိုးခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် လှိုင်သာယာမြို့နယ်အတွင်း ပဒံကျေးရွာ လယ်သမားကြီး ဦးမြင့်သိန်း၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စံပြ ၁၀ဧက စိုက်ကွင်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်အားပေးသည်။

အစီအစဉ်အရ ယာယီရှင်းလင်းဆောင်၌ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းမြင့်တို့က ရန်ကုန်တိုင်းအတွင်းနှင့် လှိုင်သာယာမြို့နယ်အတွင်း တစ်မိုးနှစ်သီးစပါးစိုက်ပျိုး ရိတ်သိမ်းမှု အခြေအနေများ၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံများ၊ သီးထပ်သီးညှပ် စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက တစ်မိုးနှစ်သီးစပါးစိုက်ပျိုး ဖြစ်ထွန်း အောင်မြင်လျက်ရှိသဖြင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ပြီး ဒေသဝမ်းစာဆန်စပါးဖူလုံပိုလျှံလာမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းတွင် မိုးစပါးအနေဖြင့် ဧက ၁၂သိန်းတစ်သောင်းကျော် စိုက်ပျိုးပြီး ၁၀၁ ဒသမ ဝ၁ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးကာ ရာခိုင်နှုန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း၊ ပထမစပါးကို ခေတ်မီရိတ်သိမ်းစက်များဖြင့် ရိတ်သိမ်းပြီး ခြွေလှေ့စက်၊ အခြောက်ခံစက်များဖြင့် မြန်မြန်ခြွေလှေ့အခြောက်ခံကာ အမိုးအကာအောက်သို့ ရောက်ရှိရေး အမြန်ဆောင်ရွက်ရန်လိုကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေး အတွက်လည်း ဓာတ်မြေဩဇာနှင့် သဘာဝသစ်ရွက်ဆွေး မြေဩဇာအချိုးကျပေါင်းစပ်အသုံးပြုရန်လိုကြောင်း တို့ကို ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် လယ်ကွက်အတွင်း စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိသော ပထမစပါးကို AMR 994 ရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းနေမှု၊ တစ်နာရီလျှင် တင်း ၁၀၀ခန့် ခြွေလှေ့နိုင်သော VPT-5 ခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှု၊ AMD အခြောက်ခံစက်ဖြင့် အခြောက်ခံနေမှု၊ ပလတ်စတစ်နှင့် ဝါးတို့ဖြင့် ပြုလုပ်ထားပြီး နေရာမရွေး ရွှေ့ပြောင်းသယ်ဆောင်နိုင်သော သဘာဝ နေရောင်ခြည်သုံး စပါးအခြောက်လှန်းရုံဖြင့် အခြောက်ခံနေမှုများ၊ သဘာဝသစ်ရွက်ဆွေးမြေဩဇာ ပြုလုပ်နေမှုများ၊ လယ်ယာ-၁၆၊ ဒေါင်ဖန်းလက်တွန်းလယ်ထွန်စက်ဖြင့် ဒုတိယစပါး စုပေါင်း ထွန်ယက်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ကျွန်းလှမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး မော်လိုက်မြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

သံဃာ့တက္ကသိုလ် ဘုန်းတော်ကြီးသင်ပညာရေး ဆရာဖြစ်သင်တန်းကျောင်း အလှူငွေပေးအပ်ပွဲတွင် ဗိုလ်ကြီးမျိုးအောင်(ငြိမ်း)-ဒေါ်တင်ရီ မိသားစု (ရွှေပေါက်ကံမြို့သစ်)က အလှူငွေကျပ်ရှစ်သောင်းကို သာသနာ့နုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မျိုးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဒေါ်တင်ပုအားရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် ၂၆ လမ်းနေ ဦးအောင်သိန်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်နှင့် ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ချောက်မြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ် ရှုတ်ချကြစဉ်။ (သတင်းစဉ်)

☆ စာမျက်နှာ ၃ မှ

လမ်းနေ ဦးသန်းတင်နှင့် ဦးသိန်းလွင်၊ ပုဇွန်တောင်မြို့နယ် ညောင်တန်းလမ်းနေ ဦးစိန်ဖေနှင့် ဦးအောင်ဆန်း၊ ပုဇွန်တောင်မြို့နယ် တာဝတိံသာလမ်းနေ ဦးဇော်ဝင်းနှင့် ဦးစန်းလွင်၊ ပုဇွန်တောင်မြို့နယ် ဂန္ဓမာလမ်းနေ ဦးမောင်မောင်လတ်နှင့် ဦးအောင်မြင့်၊ ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်းနေ ဦးဝင်းအောင်နှင့် ဦးသိန်းထွန်း၊ ပုဇွန်တောင်မြို့နယ် ဝတ်ကျောင်းလမ်းနေ ဦးတင့်ဆွေနှင့် ဦးစန်းဝင်း၊ ပုဇွန်တောင်မြို့နယ် ဒေါနလမ်းနေ ဦးမြင့်စိုးနှင့် ဦးမြင့်သိန်း၊ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းနေ ဦးထွန်းအောင်နှင့်ဦးအောင်နိုင်၊ ပုဇွန်တောင်မြို့နယ် (၅၂)လမ်းနေ ဦးတင့်လွင်နှင့် ဦးထွန်းဝင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့က ငွေကျပ် ၅၀၀၀၀၀စီ၊ မရမ်းကုန်းမြို့နယ်နေ ဦးဘခိုင်–ဒေါ်မေလှကြည်တို့ကငွေကျပ် ၃၆၀၀၀၀၊ (ဦးသိန်းမောင်)–ဒေါ်ပါပါး (စန္ဒီပရဆေး)က ငွေကျပ်၃၀၇၀၀၀၊ကွယ်လွန်သူဖခင်ကြီး ဗိုလ်မှူးမင်းအောင် (လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်)နှင့် မိခင်ကြီး ဒေါ်ခင်ပြုံးရီတို့အား ရည်စူး၍ ဦးမျိုးမင်းမင်းစိုး–ဒေါ်အိကေသွယ်မင်း (Elite Geonet Co.,Ltd.)က ငွေကျပ် ၃၀၇၀၀၀၊ ရွှေသံလွင် အင်တာနေရှင်နယ် ထရေးဒင်းကုမ္ပဏီလီမိတက်၊ ဒေါက်တာမောင်မောင်ဦး(Asia Express နှင့် ဗိုလ်မြတ်ထွန်းဟိုတယ်)၊ အာလာဒင် ကလေးကစားကွင်း၊ ဗိုလ်တထောင်မြို့နယ်နေ သီရိသုဓမ္မမဏိဇောတရေ ဦးစိုးဟန်လင်းနှင့်ဇနီး ဒေါ်နန္ဒာအောင်၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်နေ ဦးတင်ဦး–ဒေါ်မေနန်းဇင်၊ ဗိုလ်တထောင်မြို့နယ် ဌာနဆိုင်ရာများနှင့် ပြည်သူများ၊ ပုဇွန်တောင်မြို့နယ် ဌာနဆိုင်ရာများနှင့် ပြည်သူများက ငွေကျပ် ၃၀၀၀၀၀စီ၊ ဦးရဲအောင်–ဒေါ်လဲ့လဲ့ဝင်း(သီရိကုဋေကြွယ်) က ငွေကျပ် ၂၀၆၀၀၀၊ ပုဇွန်တောင်မြို့နယ်နေ ဦးတင်ထွန်းအောင်–ဒေါ်မြဝင်း၊ ဒေါ်ခင်နန်းမွန်၊ ပုဇွန်တောင်မြို့နယ် (၅၁)လမ်းမှ ဟိန္ဒူဆိုရှယ်ကလပ်၊ လမ်း(၅၀)မှ ကျော်သာကုမ္ပဏီ၊ ဗိုလ်မြတ်ထွန်းလမ်းမှ Eastern Myanmar Pharmaceutical Ent., Ltd.၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်ရောင်းဝယ်ရေး၊ ရန်ကင်းမြို့နယ်နေ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နန်းမွန်မိသားစု၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ သမ္မတ နိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်၊ မြင့်မြတ်ဆန်စပါး စိုက်ပျိုးရေးတို့က ငွေကျပ် ၂၀၀၀၀၀စီ၊ ဦးမောင်မောင်ဌေး–ဒေါ်အေးအေးသန်း(ဗဟန်း)က ငွေကျပ် ၁၈၀၀၀၀၊ဗိုလ်တထောင်မြို့နယ် အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၇)နေ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၅၉၅၀၀၊ ဦးသိုင်းဝင်း–ဒေါ်ငွေငွေညွှန့်(BTB ကုမ္ပဏီ)နှင့် ဆန်းမြန်မာကုမ္ပဏီ ဖြူစင်မေတ္တာဆေးတိုက်မိသားစုတို့က ငွေကျပ် ၁၅၀၀၀၀စီ၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းက ငွေကျပ် ၁၃၀၀၀၀၊ ဦးသန်းထိုက်(လမ်း–၅၀)၊ ဗိုလ်တထောင်မြို့နယ် ဆီကုန်သည်များအသင်း၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်မြသိန်း၊ (သား) ဦးရန်ရှင်း (United Winner International Co.,Ltd.)၊ ဦးရန်နိုင်သိန်း–ဒေါ်ခင်ငြိမ်းငြိမ်းစိုး (ကရဝိက် သက်န်းတိုက်)၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၃)၊ အမှတ်(၄)၊ အမှတ်(၅)၊ အမှတ်(၆)၊ အမှတ်(၈)နှင့် အမှတ်(၉)ရပ်ကွက်တို့မှ စေတနာရှင်အလှူရှင်များ၊ အောင်ဆန်းသူရိယဗိုလ်မှူးအေးချိုအား ရည်စူး၍ ဇနီး ဒေါ်တင်တင်အုန်း (၅၁–လမ်း)၊ ဦးခင်မောင်လတ် – ဒေါ်မိုးမိုးအေး (တုန်းတာကုမ္ပဏီ)၊ ဦးအောင်သူရ (လပ်ကီးဆဲဗင်းကဖီး)၊ ပုဇွန်တောင်မြို့နယ် ဆီကုန်သည်များအသင်း၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတရေ ဦးကျော်မင်း (မြရတနာလမ်း၊ ဘောက်ထော်)၊ဒေါ်လှလှ(လမ်းမတော်)နှင့် ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါ တိုင်းရင်းဆေးထုတ်လုပ်ရေး)တို့က ငွေကျပ် တစ်သိန်းစီ၊ ကေသီပန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးက ငွေကျပ် ၅၀၀၀၀ အပါအဝင် ဆွမ်းပဒေသာပင်အလှူတော်ငွေစုစုပေါင်း ငွေကျပ် ၂၅၁၅၁၆၄၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တပ်မတော်အရာရှိကြီးများကလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များလှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရဋ္ဌသာရထံမှ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ခြောက်တိုက်တို့သို့ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၃၉ အိတ်နှင့် ၂၁ ပြည်၊ ဆီ ၈၅၈ ပိဿာနှင့် ၂၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၇၈၂ ပိဿာ၊ သွားတိုက်ဆား ၁၅၆ ဘူး၊ ဆေးမျိုးစုံ ၁၄၉၃ ဘူး၊ ပဲ ၁၅၆ ပိဿာနှင့် ၄၀ ကျပ်သား၊ ငရုတ်သီးမှုန့်ထုပ် ၄၅၀ နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၂၅၁၅၁၆၄၀တို့ ဖြစ်သည်။

(သတင်းစဉ်)

တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကျင်းပ

ရန်ကုန်   အောက်တိုဘာ   ၂၁

၂၀၀၇ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းက ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းတို့သည် အောက်တိုဘာ ၂၂ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝေးလံမြို့နယ်များ ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၁ရက် နံနက်ပိုင်းတွင် ပေါက်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ ရောက်ရှိပြီး သင်တန်းသူများ လေ့လာသင်ယူမှုအခြေအနေ၊ သင်တန်းကျောင်း ဆောက်လုပ်ပြီးစီးမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ချင်းပြည်နယ် မင်းတပ်မြို့နယ် ထင်းချောင်းကျေးရွာသို့ ရောက်ရှိပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNDPတို့ ပူးပေါင်းဆောင်ရွက်နေသော ဝေးလံမြို့နယ်များဖွံ့ဖြိုးရေးစီမံကိန်း (CDRT) က ဆောင်ရွက်ထားသည့် ချောင်းကူးတံတားတည်ဆောက်မှု**(အပေါ်ယာပုံ)** နှင့် အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ သီဟိုဠ်၊ မြေပဲနှင့် နေကြာစမ်းသပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် အောက်တိုဘာ ၁၂ရက် နံနက်ပိုင်းတွင် မင်းတပ်မြို့ အမှတ်(၂)နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသားအိပ်ဆောင်များနှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် အောက်တိုဘာ ၁၃ရက် နံနက်ပိုင်းတွင် မတူပီမြို့ ဗဟိုသာသနာပြု ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ မတူပီမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် အောက်တိုဘာ ၁၄ရက် နံနက်ပိုင်းတွင် မင်းတပ်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မိုး ဆက်လက်ရွာနိုင်သည်။

ယနေ့ မိုးလေဝသ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

အသက်(၂၁)နှစ်အောက် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာအသင်းယှဉ်ပြိုင်ရန် ဗီယက်နမ်သို့ထွက်ခွာ

ရန်ကုန်   အောက်တိုဘာ   ၂၁

အောက်တိုဘာ ၂၄ရက်မှ ၂၈ရက်အထိ ဗီယက်နမ်နိုင်ငံ Nha Trang City ၌ ကျင်းပမည့် အသက်(၂၁)နှစ်အောက် ဗီယက်နမ် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ်ဘောလုံးအသင်းသည် ယနေ့နံနက် ၉နာရီက လေကြောင်းခရီးဖြင့်ထွက်ခွာရာ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာလူငယ်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးအုန်းမြင့်ဦး၊ အုပ်ချုပ်သူ ဦးတင်ဟန်၊ နည်းပြ ဦးဆန်းဝင်း၊ လက်ထောက်နည်းပြ ဦးစိုးမိုး၊ ဂိုးနည်းပြ ဦးစိုင်းမောင်မောင်ဦး၊ ဆရာဝန် ဒေါက်တာအုပ်စိုးဦး၊ သူနာပြု ဦးကျော်ခိုင်၊ အားကစားသမားများအဖြစ် နေလှိုင်၊ မင်းနိုင်၊ နိုင်လင်းထွန်း၊ ဇော်နိုင်ထွန်း၊ ရန်မျိုးအောင်၊ သန်းထွန်းအောင်၊ နေအောင်၊ လင်းလင်းထွေး၊ ဇော်ဇော်ဦး၊ တင်ဝင်းအောင်၊ ကိုကိုမောင်၊ ဝေလင်း၊ မြင့်နိုင်၊ ပြည့်ဖြိုးဦး၊ အေးမိုး၊ ဝင်းသူ၊ ဇင်မျိုးအောင်၊ ကျော်ကျော်ခိုင်တို့ လိုက်ပါသွားကြသည်။ **(အောက်ပုံ)** (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂–၁၀–၂၀၀၇ (တနင်္လာနေ့)

AM & PM	
၇း၀၀–၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"အနေသင်ရင်း အသေပြင်" တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇း၅၀–၁း၅၀	Soccer Update
၈း၀၅–၂း၀၅	စက္ကူလွင်လွင် ပန်းယဉ်ယဉ် အလှဆင်စေချင်
၈း၁၅–၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀–၂း၂၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈း၄၀–၂း၄၀	ထက်မြက်ထူးခြား Aikido အားကစား
၉း၀၅–၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅–၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀–၃း၂၀	MRTV-4 စာအုပ်စင်ကဏ္ဍ (လောကပါလ ဂမ္ဘီရ သုတစာစုံ မဂ္ဂဇင်း အုပ်ချုပ်မှု အယ်ဒီတာ ဒေါက်တာခင်မောင်ဇော်နှင့် တွေ့ဆုံခြင်း)
၉း၃၅–၃း၃၅	သတ္တုတူးသော ရွာကလေး
၉း၄၅–၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀–၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅–၃း၅၅	လှပသစ်ဆန်း အလှပြင်ခန်း (La Coiffer)
၁၀း၁၀–၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅–၄း၁၅	မြန်မာစာ၊ မြန်မာစကား(၉)
၁၀း၂၅–၄း၂၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (လိင်ဆက်ဆံခြင်းဖြင့် ကူးစက်တတ်သော ရောဂါများနှင့်ပတ်သက်သည့် ကျန်းမာရေး ပြဿနာများ) (အပိုင်း–၂) (ဧည့်သည်တော်–ဒါရိုက်တာသက်တင်)
၁၀း၄၅–၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀–၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀–၅း၀၀	Yangon Panorama (Myanmar Hip Hop Day Live Show)
၁၁း၂၅–၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀–၅း၃၀	ကျက်သရေတင့်တယ်လှစေမယ် (အပိုင်း–၃)
၁၁း၃၅–၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀–၅း၄၀	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁၁း၅၅–၅း၅၅	သန္တရသလွင်ပြင် (ဓမ္မပဒဆွေးနွေးခန်း) အပိုင်း(၄)
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Newcastle-Tottenham	ESPN (Live)

ရေစက်ချလှူဒါန်း

ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မဟာသိမ်တော်ကြီး ပရိယတ္တိ စာသင်တိုက်တွင် ဆွမ်းစားကျောင်းသုံး လိုအပ်သော ပစ္စည်းများအတွက် အောက်တိုဘာ ၂၁ ရက်က အလှူတော်ငွေကျပ် ၂၀၀၀၀၀ကို အသင်းကိုယ်စား အတွင်းရေးမှူး ဦးအောင်နိုင်က ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရထံ ရေစက်ချလှူဒါန်းရာ တပည့်ဒါယကာတစ်ဦး လက်ခံယူစဉ်။

(၁၉)

နှစ်ဖက်မိဘများအား အမှူးထား၍ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်အိမ်ရာနေ ဦးမိုးမြင့်ထွန်း–ဒေါ်ဝင်းဝင်းမင်း၊ သမီး မသင်းသဇင်စိုး မိသားစုတို့က လှိုင်မြို့နယ် မေတ္တာဝါဒီပရဟိတကျောင်းတိုက် မဟာသိမ်တော်ကြီး ကိုးထပ်ကျောင်းဆောင် ဆောက်လုပ်ရန်နှင့် ဆရာတော် သံဃာတော် စာသင်သား ၃၀၀ကျော်တို့အတွက် တစ်နေ့တာဆွမ်းစရိတ် အလှူငွေကျပ်လေးသိန်းကို အောက်တိုဘာ ၁၃ရက်က မေတ္တာဝါဒီ ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

ပုဇွန်တောင်မြို့နယ် လမ်း(၅၀)နေ ဦးလှအောင်–ဒေါက်တာစန်းစန်းသွင် မိသားစုက ကြေးပြားလေးချပ် တန်ဖိုးငွေ ကျပ် ၁၀၀၀၀၀ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရမွှာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

(က–ပ)

မင်းဘူးလယ်တီတရားစခန်း

ရန်ကုန် အောက်တိုဘာ ၂၁

မင်းဘူးမြို့ ခတ်တော်ကုန်း ဘုရားကုန်းမြေ လယ်တီဓမ္မဗိမာန်၌ (၅)ကြိမ်မြောက် လယ်တီဝိပဿနာခုနစ်ရက်တရားစခန်းကို နိုဝင်ဘာ၉ရက် (သီတင်းကျွတ်လကွယ်နေ့)တွင် စတင်မည်ဖြစ်ရာ ရန်ကုန်မြို့ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်နာယကဆရာတော်များ ကြီးမှူးသော လယ်တီကမ္မဋ္ဌာနာစရိယများကသင်ကြားပြသမည်ဖြစ်သည်။

တရားစခန်း ဝင်လိုသူများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများသည် ဘုရားဂေါပက ဦးဇေယျ ဖုန်း–၀၆၅–၃၀၂၉၀၊ ဦးထွန်းကြည် ဖုန်း–၀၆၅–၂၁၂၅၆၊ ဦးသိန်းဟန် (ရန်ကုန်) ဖုန်း–၀၁–၅၃၇၂၈၆ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြပြီး နှစ်စဉ်နယုန်လကွယ်နေ့၊ သီတင်းကျွတ်လကွယ်နေ့၊ တပို့တွဲလကွယ်နေ့များတွင် တစ်နှစ်လျှင် သုံးကြိမ်ပုံမှန်တရားစခန်းများ ဆက်လက်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။ (က–ပ)

ယွန်းဖူးပိုင်(ခ)ဖူးဖူးအတွက် မွေးနေ့ဆုမွန်

ချစ်သမီးလေး ယွန်းဖူးပိုင်(ခ)ဖူးဖူး Grade V(A)T.T.C(ကမာရွတ်)ရဲ့ (၂၂–၁၀–၂၀၀၇)ရက်မွေးနေ့မှာ ကျရောက်မည့် (၁၀)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်တစ်ရာတိုင် နိုင်ငံ့အကျိုး၊ သာသနာ့အကျိုး သယ်ပိုးနိုင်တဲ့ သမီးကောင်းရတနာလေးဖြစ်ပါစေလို့ မေတ္တာတွေ အနန္တနဲ့ ဆန္ဒပြုဆုတောင်းပေး လိုက်ပါတယ်–

ချစ်တဲ့–

–ဘွားဘွား ကြူ(စိန်ရတနာ)(မုံရွာ)

–ဘိုးဘိုး ဦးစောမောင်၊ ဘွားဘွား ဒေါ်ရီရီ

–ဖေဖေကြီး ဦးစိုးပိုင်မြင့်(ဒုတိယညွှန်ကြားရေးမှူး၊ လဝက)

–မေမေကြီး ဒေါ်သီတာချို

–အစ်ကိုကြီး စိုင်းရန်နောင်(ခ)ဖောင်းဖောင်း Grade(VIII) T.T.C (ကမာရွတ်)

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော် [၁၂/သလန (နိုင်) ၀၀၉၁၀၃] နှင့် ဒေါ်သီသီဟန် [၁၂/သလန (နိုင်) ၀၀၁၆၉၈]တို့မှ ၁၉–၁၀–၂၀၀၇ ရက်နေ့စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ (၁၃)တွင် ပျောက်ဆုံးကြောင်း ကြေညာခဲ့သည့် ၎င်းတို့၏ နိုင်ငံသားကတ်နှစ်ခု၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းအမှတ်–၄၊ မြေကွက်အမှတ် –၄၃/က နှင့် ၄၃/ခ မြေကွက်တို့၏ မြေဂရန်မူရင်းနှစ်ခုနှင့် ၎င်းတို့နှင့်သက်ဆိုင်သည့် အခြားစာရွက်စာတမ်းများအပေါ် အခြေပြု၍ ဦးကျော်ကျော်၊ ဒေါ်သီသီဟန်တို့နှင့် ပတ်သက်၍လည်းကောင်း၊ မြေဂရန်များနှင့် ပတ်သက်၍ လည်းကောင်း မည်သို့မျှဆောင်ရွက်ခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်–

ဦးကျော်ကျော်နှင့် ဒေါ်သီသီဟန်တို့၏ ညွှန်ကြားချက်အရ–

ဦးအောင်ဇော်မျိုး LL.B

အထက်တန်းရှေ့နေ (စဉ်– ၂၃၃၁၅)

အမှတ် –၈၃၊ အခန်း–၁၈၊ ပန်းဆိုးတန်းလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ၀၉–၅၁၈၄၂၃၁

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅က/ ၅၃၃၆၊ အမျိုးအမည် ISUZU CJM 520 ၊ မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးခင်မောင်ချို မှတ်ပုံတင်အမှတ် [၃/ကကရ(နိုင်) ၀၀၁၄၆၄] မှ မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊

ခရိုင်ရုံး(ကော့ကရိတ်/မြဝတီ)

မြဝတီမြို့

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၄၀) ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၁

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၄၀)တွင် မြန်မာကျောင်းသားများကို ကိုရီးယားတက္ကသိုလ်က ပညာသင်ဆုပေးမည်၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှသင်္ဘောများ တစ်ရက်ချင်းငှားရမ်းအသုံးပြုနိုင်၊တတိယမိုဘိုင်းလ်မျိုးဆက်အတွက် မော်ဒယ်မြင့်ဂျီအက်စ်အမ်ဟမ်းဆက် ပြောင်းလဲအသုံးပြုရန်လိုအပ်၊ နိုင်ငံတကာရုပ်သေးစင်တာဖွင့်လှစ်ရန် စီစဉ်နေ၊ မြန်မာနိုင်ငံတွင် မင်္ဂလာမဆောင်မီဆေးစစ်ခြင်း ကျင့်သုံးမှုနည်းပါးနေသေး၊ တစ်သက်တစ်ခါ မင်္ဂလာအခါတော်အတွက် ဟိုတယ်ခန်းမများ၊ မြန်မာ့ကျောက်စိမ်းဈေးကွက်ကြီး ပေါ်ပေါက်လာရန် အကောင်အထည်ဖော်နေ၊ ဝါကျွတ်ကာလ အိမ်၊ ခြံ၊ မြေရောင်းဝယ်ငှား သက်ဝင်လှုပ်ရှားလာ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ဝါကျွတ်အထူးသတင်းများ၊ “ယောကျ်ားတွေ အတင်းပြောတတ်တယ်”၊ “ရိုးပြာမြေဝယ်မြည့်သည့်တိုင်” ကဲ့သို့သော ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ကြိုတင်ထွက်ရှိလာပြီဖြစ်သည်။

“နိုင်ပါ့မလား အင်္ဂလန်” အားကစားဆောင်းပါးနှင့်အတူ ခုနစ်နိုင်ငံ စုပေါင်းရေတပ်လေ့ကျင့်စခန်းစတင်၊ ဂျပန်နိုင်ငံ၏ ဇရာပျိုများကို ဝေရက်တောင်ထွတ်ကညို့နေ၊ ဟစ်တလာသို့ပေးစာနှစ်သောင်း စာအုပ်အဆင့်သို့ရောက်၊ ထိုင်းဘဏ်တစ်ခု ဖောက်သည်များကို ကွန်ဒုံးအခမဲ့ဝေ၊ အလှဆုံးကြောင်များထဲမှ အသာဆုံးကြောင်ချန်ပီယံဘွဲ့ အမေရိကန်တွင်ချီးမြှင့်၊ ၂၀၀၇ စာပေနိုဘယ်လ်ဆုဗြိတိန်စာရေးဆရာမကြီး ဒေါရစ္စလက်ဆင်းဆွတ်ခူး စသည့် နိုင်ငံတကာ ရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ကွမ်းမိုးဒိန်း စံပြကျေးရွာ မစိုးရိမ်တိုက်သစ်၌ မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာရှိ သာသနဇောတိက မစိုးရိမ်တိုက်သစ်အတွင်း မဟာဝိဇယ သိမ်တော်အပေါ်ထပ်၌ ဉာဏ်တော် ၂၁ပေ၊ ဇလက်မရှိ မဟာဝိဇယစေတီတော်ကို အရံစေတီတော်များနှင့်တကွ တည်ထားလျက်ရှိရာ မည်သူမဆိုကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်သည်။

ကွမ်းမိုးဒိန်း စံပြကျေးရွာရှိ သာသနဇောတိက မစိုးရိမ်တိုက်သစ်၌ ပရိယတ္တိစာပေများ သင်ကြားပို့ချနေကြသည့် စာချစာသင်သံဃာတော်အပါး ၃၀တို့အား မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၁ရက်တွင်ကျင်းပမည်ဖြစ်ရာ ကိုယ်တိုင်ပါဝင်လှူဒါန်းနိုင်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် Horizon Int'l Education Center တို့ပူးပေါင်း ကျင်းပလျက်ရှိသည့် HORIZON LEAGUE ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့မွန်းလွဲ ၁နာရီက ကျိုက္ကဆံ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

တာမိုးညဲမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ အောက်တိုဘာ ၄ ရက်က စစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးမိုင်းဟသ်ာထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ–၂ ဦးဂွမ်ဆမ်လော်နတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ရဲတပ်ဖွဲ့ဝင်များ ဂုဏ်ပြုဆု ချီးမြှင့်ပွဲကို အောက်တိုဘာ ၂၀ရက် နံနက် ၉နာရီတွင် ကျင်းပရာ အခမ်းအနား၌ ရန်ကုန်တိုင်းအတွင်း စည်းကမ်းအကောင်းဆုံး မြို့နယ် ပထမဆု၊ စံပြရဲပထမဆု၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ဓါးပင်ကြီး ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် စခန်းမှူးသင်တန်း အမှတ်စဉ် (၃၇)၌ ထူးချွန်ပထမဆု ရရှိခဲ့သည့် တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့အပေါ် ပူးပေါင်းကူညီသည့် ထူးချွန်ပြည်သူဆု ရရှိခဲ့သည့် ပြည်သူများအား ဆုများချီးမြှင့်သည်။

ယင်းသို့ ချီးမြှင့်ရာတွင် ဆိပ်ကမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်က ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးက ချီးမြှင့်သော ရန်ကုန်တိုင်းအတွင်း စည်းကမ်းအကောင်းဆုံး မြို့နယ်ရဲတပ်ဖွဲ့ဆုအား ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး တင်ထွန်းအားလည်းကောင်း**(အပေါ်ပုံ)**၊ကျန်ဆုများကို မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးတို့က လည်းကောင်း အသီးသီးချီးမြှင့်သည်။ (၃၁)

SKYအသင်းက Precious **အသင်းဘက်သို့ ဂိုးသွင်းရန် ထိုးဖောက်စဉ်။**

(ကြေးမုံ)

အမျိုးသားပြိုင်ပွဲ၌ Red Star အသင်းက Filipino အသင်းကို (၈၀–၄၉) မှတ်ဖြင့် အနိုင်ရရှိပြီး အမျိုးသမီးပြိုင်ပွဲတွင် SKY အသင်းက Precious အသင်းကို (၇၈–၃၇)မှတ်ဖြင့် လည်းကောင်း၊ C.C.Y အသင်းက O' Vickon အသင်းကို (၈၀–၆၆) မှတ်ဖြင့်လည်းကောင်း၊ Furious အသင်းက WHO အသင်းကို (၉၃–၄၆)မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ပြိုင်ပွဲများကို အောက်တိုဘာ ၂၈ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

အထက(၃)တာမွေ အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၁

အထက(၃)တာမွေ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ၁၉၆၄–၁၉၇၂ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာ၊ ဆရာမများအား နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၈ ရက်အစား ဒီဇင်ဘာ ၂ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီသို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ကမာရွတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသော အဖွဲ့ဝင်များ၏ သားသမီးများနှင့် (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ချီးမြှင့်ငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ရက်က မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးမြင့်သန်း (အငြိမ်းစား) က ခြောက်ဘာသာဂုဏ်ထူးရရှိသူ မအိမွန်သာအား ချီးမြှင့်ငွေ ပေးအပ်စဉ်။

(မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချော သွေးထိုးသူ)များ မယုံလေနဲ့ သတိထား

အကြမ်းဖက်ဆူပူမှုကြောင့် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

☆ **အကြမ်းဖက်ဆူပူမှုကြောင့်—**

ကျောင်းသားကျောင်းသူများ စာသင်ပျက်သည်။

ဈေးသည်များ စီးပွားရေးထိခိုက်သည်။

လက်လုပ်လက်စားများ ဝင်ငွေလျော့သည်။

ခရီးသွားလုပ်ငန်းများ အကြီးအကျယ်ထိခိုက်သည်။

☆ **အကြမ်းဖက်ဆူပူမှုကြောင့်—**

ကိုလိုနီနယ်ချဲ့များသာ အကျိုးရှိသည်။

ပြည်တွင်းပြည်ပအဖျက်သမားများသာ ဒေါ်လာဆုကြေး တစ်မွေ့တစ်ပိုက်ရရှိသွားကြသည်။